# ရခိုင်ဒေသ ပညာရေး - ရှေ့ဆက်ရမည့် ခြေလှမ်းများ

## စစ်တွေ နှင့် ပေါက်တော မြို့နယ်တို့တွင် ပြုလုပ်ခဲ့သော ပညာရေး နှင့် ပဋိပက္ခ အကဲဖြတ်လေ့လာမှုကို အခြေခံထားသည့် အစီရင်ခံစာ၏ အကျဉ်းချုပ်

*အောက်တိုဘာ ၂၀၁၃*

## ၁) အကျဉ်းချုပ် ဖော်ပြချက်

### အကဲဖြတ်လေ့လာမှု၏ ရည်ရွယ်ချက်

ရခိုင်ပြည်နယ် စစ်တွေ နှင့် ပေါက်တော မြို့နယ်တို့တွင် စက်တင်ဘာ ၂၀၁၃ ၌ Save the Children မှ ပြုလုပ်ခဲ့သော ပညာရေး နှင့် ပဋိပက္ခ အကဲဖြတ်လေ့လာမှု၏ ရည်ရွယ်ချက်မှာ ၎င်းဒေသတွင် ပညာရေး စီမံကိန်းများ နှင့် ပဋိပက္ခအကြား အပြန်အလှန် သက်ရောက်မှု မည်သို့ရှိသည်ကို ရှာဖွေဖော်ထုတ်ရန် ဖြစ်သည်။ သို့ဖြစ်၍ က) မဟာဗျူဟာနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပုံကြောင့် မည်ကဲ့သို့ အန္တရာယ်ရှိနိုင်ပြီး ၎င်းကို မည်ကဲ့သို့ ရှောင်ရှားရမည်ကို သိရှိနိုင်မည်။ ခ) (ပြန်လည်ပေါင်းစည်းခြင်းအတွက် ကျိုးပမ်းမှုသည် လက်ရှိ အခြေအနေအရ ရေတိုကာလတွင် ဖြစ်နိုင်ရန် ခက်ခဲနေသေးသောကြောင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းကိုသာ မျှော်လင့်ချက်အနေနှင့် ထည့်သွင်းစဉ်းစားခြင်းအားဖြင့်) ပညာရေးစီမံကိန်းများသည် ရေရှည်တွင် ငြိမ်းချမ်းရေး နှင့် တည်ငြိမ်အေးချမ်းမှုအတွက် မည်ကဲ့သို့ ပံ့ပိုးပေးနိုင်မည် သိရှိရန်လိုမည်။ Do No Harm စိစစ်မှုပြုလုပ်ခြင်းမရှိပဲ လက်ရှိဆောင်ရွက်နေသော အရေးပေါ်အခြေအနေကာလ ပညာရေးသင်ကြားရေး အစီအစဉ်များ [1] ကြောင့် အန္တရာယ်ကျရောက်နိုင်ခြေရှိခြင်းအပေါ် သတင်းပေးလမ်းညွှန်မှုမရှိပါက ပညာရေးကဏ္ဍသည် ရှုပ်ထွေးသောအခြေအနေတွင် ဗျူဟာမြောက်သော နည်းလမ်းမသုံးမိပဲ အရေးပေါ် လိုအပ်ချက်သက်သက်ကိုသာ ဖြည့်ဆည်းပေးနေသော အစီအစဉ်တစ်ရပ်သာဖြစ်နေမည်။ ဤအချက်ကို စိုးရိမ်သောကြောင့် အကဲဖြတ်လေ့လာမှုအားပြုလုပ် ရခြင်းဖြစ်ပါသည်။

### *ပညာရေး နှင့် ပဋိပက္ခ*

ပညာရေး မရရှိ၍သော်လည်းကောင်း၊ ရရှိလျှင်လည်း မှားယွင်းသော စနစ်ကြောင့်သော်လည်းကောင်း ၎င်းသည် ပဋိပက္ခ၏ အခြေခံ ဇာစ်မြစ်တစ်ခု ဖြစ်လာနိုင်သည်။ သို့သော် ပညာရေးသည် လူ့စိတ်ဓာတ် နှင့် အပြုအမူကို ပြုပြင်နိုင်ပြီး စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်း တည်ဆောက်ရေး အတွက် အရင်းမြစ်ကို ပံ့ပိုးပေးနိုင်သည့် အလျောက် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် ရင်ကြားစေ့ရေး ဖြစ်စဉ်အတွက် ၎င်းသည် အရေးပါသောကဏ္ဍတစ်ခုမှ ပါဝင်သည်။ ဤနည်းဖြင့် ပညာရေးသည် တရားမမျှတမှုကိုလျှော့ချခြင်း နှင့် အခြေအမြစ်မရှိသော အစွဲအလန်းများကို ဖျောက်ဖျက်ခြင်း တို့ကိုပြုလုပ်နိုင်ပြီး လူမှု အလေ့အထများနှင့် တန်ဖိုး အသစ်များကို တည်ဆောက်နိုင်သည်[2]။ သို့သော်ငြား ၎င်းဖြစ်စဉ်သည်

---

[1] ရခိုင်ဒေသရှိ အရေးပေါ်ကာလ ပညာရေးတွင်အောက်ပါတို့ ပါဝင်သည်။ – ယာယီ စာသင်ကျောင်းနေရာ၊ စေတနာ့ ဝန်ထမ်း ဆရာ/ဆရာမများ၊ တစ်နေ့လျှင်စာသင်ချိန် နှစ်နာရီ (မြန်မာစာ နှင့် သင်္ချာ နှစ်ဘာသာတည်းသာ)၊ အခြေခံသင်ထောက်ကူပြုပစ္စည်းများ၊

[2] Tschirgi, N. (2011) 'Conflict, Education & Peace-building – Converging Perspectives' in Conflict and Education journal, University of San Diego.

(ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကဲ့သို့) ကာလကြာရှည်စွာ ငွေကြေးနှင့် တာဝန်ယူဆောင်ရွက်မှု လိုအပ်သည့် ရေရှည်ဖြစ်စဉ်တစ်ခု ဖြစ်သော်လည်း၊ ကနဦးပိုင်း (အရေးပေါ် နှင့် လူသားချင်းစာနာမှုဆိုင်ရာ တုန့်ပြန်မှု အပါအဝင်) ရေတို ပညာရေးတုံ့ပြန်မှုမှ ရရှိနိုင်သော အထောက်အကူများကို လက်မလွှတ်ရပဲ ပြန်လည်ထူထောင်ရေး အဆင့်အတွက် အုတ်မြစ်ချထားနိုင်သင့်သည်။ မတည်ငြိမ်သေးသော ပဋိပက္ခအခြေအနေတွင် သတိမထားပဲလုပ်ဆောင်မိသော ပညာရေး စီမံကိန်းမှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် အလားအလာကို လျော့တွက်၍မရသလို အန္တရာယ် မဖြစ်ပေါ်လာအောင် ကြိုးပမ်းတားဆီးရမည်ဖြစ်သည်။

## *ရခိုင်ဒေသ ပညာရေး နှင့် ပဋိပက္ခ*

ဤအကဲဖြတ်လေ့လာမှုမှ တွေ့ရှိချက်များသည် ယခင်ကပြုလုပ်ခဲ့သော လေ့လာချက်များ [3] မှ တင်ပြထားသည့် အချက်ဖြစ်သော ပညာရေးသည် ရခိုင်ဒေသရှိ ပဋိပက္ခတွင် ကဏ္ဍတစ်ခုပါဝင်နေသည်ဟူသော အချက်ကို သက်သေခံသည်။ အရင်းခံ အကြောင်းတစ်ခုအနေဖြင့် ပညာရေးသည် ယခင်စစ်အစိုးရ အသုံးချခဲ့သော ဘေးဘက်အရံ တိုင်းရင်းသား လူမျိုးစုမှ အားကောင်းလာခြင်းကို တားဆီးရန် ဗဟိုမှ ဖိနှိပ် ခွဲခြားဆက်ဆံသည့် နိုင်ငံရေး (centre-periphery ethno-politics) နည်းဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် [4]။ ၎င်းကဲ့သို့သော ဗျူဟာမျိုးကို သုံးရာတွင် လူမျိုးစုတစ်စုသည် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဆင့်အတန်းနှင့် ယှဉ်လျှင် ၎င်းတို့ထက်နိမ့်ကျနေသော အခြားလူမျိုးစုများရှိနေပါက ၎င်းတို့၏ အဆင့်အတန်းက သာလွန်မြင့်မား နေသည်ဟု ထင်စေသော သဘောတရားပေါ်တွင် မူတည်ထားသည်။ သို့ဆိုလျှင် ပြည်နယ်အတွင်းရှိ မွတ်စလင်လူဦးရေ အပေါ်တွင် ရခိုင်လူမျိုးတို့က စီးပွားရေး လူမှုရေး တစ်ပန်းသာနေခြင်းသည် ၎င်းတို့ နိုင်ငံတော်အဆင့်တွင် အခွင့်မသာမှုကို သတိမပြုမိစေသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာသော အလွှာသုံးလွှာ (နိုင်ငံတော်-ရခိုင်-မွတ်စလင်) အချင်းချင်းအကြား အစစအရာရာ မမျှတမှုများကြောင့် ပညာရေး နှင့် အထွေထွေ ကဏ္ဍတို့၌ အကျိုးသက်ရောက်နိုင်ပြီး အလုပ်ဖြစ်မည့် လူမှုရေး ပဋိဉာဉ် (social contract)[5] တရပ် ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်နိုင်သည့်အပြင် လူမှု ပေါင်းစည်းညီညွတ်မှုကို (social cohesion)[6] သိသာစွာ လျော့ပါးသွားစေသည်။

---

[3] 'Conflict Assessment on Rakhine State', Josefine Roos, မေ ၂၀၁၃; 'ရခိုင် ပဋိပက္ခများ စုံစမ်းစစ်ရေးကော်မရှင်၏ နောက်ဆုံးအစီအရင်ခံစာ', ပြည်ထောင်စု မြန်မာ နိုင်ငံတော်, ဧပြီ ၂၀၁၃; 'Conflict Analysis of Rakhine State, Myanmar', United Nations Resident Coordinator Office, ဖေဖော်ဝါရီ ၂၀၁၃။

[4] Roos, J. (2013) 'Conflict Research in Rakhine State', Danish Refugee Council, Yangon, Myanmar.

[5] လူမှုရေး ပဋိဉာဉ် (social contract): ပုဂ္ဂိုလ်အချင်းချင်း၊ အဖွဲ့အချင်းချင်း သို့မဟုတ် လူ့အဖွဲ့အစည်း တစ်ခု နှင့် တစ်ခုအကြား သို့မဟုတ် ၎င်းတို့နှင့် အစိုးရအကြား တစ်ဦးအပေါ်တစ်ဦး အပြန်အအလှန် ကောင်းကျိုးချမ်းသာ၊ ကောင်းမွန်သော ဆက်ဆံရေး နှင့် ကာကွယ်စောင့်ရှောက်မှုကို ရရှိစေသော ဆန္ဒအလျောက် သဘောတူညီမှု - Addison, T. & Murshed, S. (2006) 'The social contract and violent conflict' in Civil War, Civil Peace, The Open University, Milton Keynes.

[6] လူမှု ပေါင်းစည်းညီညွတ်မှု (social cohesion): ပြင်ပမှလာသော ဒဏ်၊ အနှောင့်အယှက်ကို အချင်းချင်း စိတ်ဝမ်းကွဲပြားခြင်း၊ အတိုက်အခံပြုခြင်းမရှိဘဲ ကြံ့ကြံ့ခံနိုင်သော လူ့အဖွဲ့အစည်းတစ်ခု၏ စွမ်းရည် - Heyneman, S. P. (2008) 'Education, Social Cohesion and Ideology' in Right to Education: Policies and Perspectives, Karip, E. (2008) Turkish Education Association, Turkey.

ပညာရေးမရှိခြင်းအားဖြင့် ပညာရည်အဆင့်အတန်း နိမ့်ပါးသည့် လူငယ်အများအပြား ပေါ်ပေါက်လာပြီး ၎င်းတို့သည် လူမျိုးရေး လှုံ့ဆော်သူများ၏ စက်ပုန်းခုတ်ခြင်းတွင် ယုံလွယ်နေကြသည်[7]။ ထို့အပြင် လက်တလော မီဒီယာ ပွင့်လင်းမှု နှင့် နည်းပညာတိုးတက်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် ဝါဒဖြန့်မှုများ တရစပ် ဝင်ရောက်လာခြင်းအား နှစ်ဖက်စလုံးမှ လူအများအတွက် ခုခံ ဆင်ခြင်နိုင်စွမ်းကို ပညာရေးက မဖြည့်ဆီးပေးခဲ့ပါ။ ၎င်းသည်လည်း ပဋိပက္ခတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ကျောင်းပညာရေးသည် ခွဲခြားဆက်ဆံရန် နှင့် နိမ့်ချဆက်ဆံရန် အခွင့်အလမ်းပေးသော နေရာတစ်ခုဖြစ်နေသောကြောင့် လူမျိုးစုတစ်စုက မြင့်ပြီး အခြားတစ်စုက နိမ့်ကျသည်ဟူသော အခြေအနေမျိုးဖြစ်ရန် ကျားကန်ပေးနေသဖြင့် အကြမ်းဖက်ခြင်း နှင့် လူမျိုးရေး ဘာသာရေးကို ခွဲခြားခြင်းသည် တရားသည်ဟု အထင်ရစေသည်။

ဤသည်မှာ ပညာရေးကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးတစ်ခုဖြစ်သော်လည်း ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကျိုးကိုလည်း ရရှိနိုင်ပါသည်။ ပညာရေး၏ အပြုသဘောဆောင်သော ရလာဒ်များ ရရှိရေးအတွက် ဗျူဟာများနှင့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်မှာ ရခိုင်ဒေသ ပညာရေးကို လုပ်ဆောင်နေသူအားလုံးအတွက် တာဝန် နှင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထိုပညာရေးသည် မမျှတမှုများကို လျှော့ချပေးမည်၊ လူမှုရေး ပဋိညာဉ်ကို အားကောင်းစေမည်၊ ဆန်းစစ်ဝေဖန်သော တွေးခေါ်ခြင်း နှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုကို သင်ကြားပေးပြီး ပိုမိုငြိမ်းချမ်းသော အနာဂတ်အတွက် အခွင့်အလမ်းများ နှင့် မျှော်လင့်ချက်များကို ပေးစွမ်းစေမည်။

***စိန်ခေါ်မှု***

အန္တရာယ်ဖြစ်လွယ်ပြီး သတိထား ဆင်ခြင်လုပ်ကိုင်နေရမည့် မတည်ငြိမ်သော ရခိုင်ဒေသ အခြေအနေမျိုး နှင့် ရခိုင်လူထုမှ ပြန်လည်ပေါင်းစည်းရေးကို အတိအလင်း အတိုက်ခံပြုနေသည့်ကာလတွင် စိန်ခေါ်မှု အတန်ကြီးသည်။ အရင် အခြေအနေ ဘဝ (နှင့် ပညာရေး) အတိုင်းပြန်သွား ရန်အတွက် စဉ်းစားရန်မှာ မဖြစ်နိုင်သေးပါ။ ထို့အပြင် မမှန်ကန်သော လမ်းစဉ်၊ ဗျူဟာ သို့မဟုတ် စီမံကိန်း များနှင့် အထောက်အပံ့ပေးခြင်းအားဖြင့် အန္တရာယ်ပြုမိမည်ကို စိုးရိမ်မှုကြောင့် လက်ရှိပညာရေး ကဏ္ဍသည် သောင်မတင်ရေမကျ အခြေအနေ၌ ရောက်ရှိနေသည်။ လူ့အခွင့်အရေးကို အခြေခံသော ယာယီ အရေးပေါ်အခြေအနေ ပညာရေးကို ထောက်ပံ့ပေးနေရာတွင် လူများ၏လိုအပ်ချက်အတွက် လက်ရှိအခြေအနေထက် ပို၍လုပ်ဆောင်ပေးရန် ဖိအားများရှိနေသလို (ဤနည်းဖြင့် မရည်ရွယ်ပဲ လူမျိုးချင်းကင်းကွာနေမှုကို တိုး၍အမြစ်တွယ်လာစေသလို) နောက်အဆင့်တွင် မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို လမ်းညွှန်မည့် ရှင်းလင်းသည့် ဗျူဟာတစ်ခုသည်လည်း မရှိသေးပါ။ ဤအကြောင်းကြောင့် ယခုအကဲဖြတ်လေ့လာမှုကို ပြုလုပ်ခဲ့ပါသည်။

***မဟာဗျူဟာကျကျ ရွေးချယ်ခြင်း***

ဤအခြေအနေကို ကျော်လွှားရန် ပထမဆုံးအနေနှင့် ဦးစားပေးလုပ်ဆောင်ရန်မှာ လူမျိုးချင်းကင်းကွာနေမှုနှင့် စွဲမြဲအမြစ်တွယ်နေသော အချက်များကို ဗျူဟာကျကျ ကိုင်တွယ်ရန်ဖြစ်သည်။ ပညာရေးကဏ္ဍအတွက် (နှင့် အခြားကဏ္ဍများ အတွက်ပါ) ၎င်းကိုပြုလုပ်ရန် ဒုက္ခသည် စခန်းများသည် ရေတိုကာလ (နောက်၂နှစ်) အတွင်း မည်သည့်အခြေအနေမျိုးနှင့် ဆက်လက်သွားမည်ကို မှန်းဆရန်လိုအပ်သည်။ လူမျိုးချင်းကင်းကွာနေမှုနှင့် ပက်သက်သော

---

[7] Bush, K. & Saltarelli, D. (2000) 'The two faces of education in ethnic conflict; towards a peace-building education for children' UNICEF, Innocenti Research Centre, Florence, Italy.

နိုင်ငံရေးအပြောင်းအလဲများ မည်သို့ပင်ဖြစ်လာစေကာမူ၊ ရေတိုကာလအတွင်း အောက်ခြေအဆင့် အခြေအနေကို လုံးလုံးလျားလျား ပြောင်းလဲသွားနိုင်မည် မထင်ရပါ။ အထူးသဖြင့် တည်ရှိနေပြီးသော အခြေခံအဆောက်အဦးများ နှင့် အကျုံးဝင်လာသော စီမံခန့်ခွဲမှုစနစ်များ ကြောင့် လက်ရှိ စခန်းနေရာများသည် ယာယီမှ အမြဲတမ်းနေထိုင်ရာပုံစံသို့ အသွင်ကူးပြောင်းလာသည်ကို ကြည့်ခြင်းအားဖြင့် စဉ်းစားနိုင်သည်။ ဤအချက်ကြောင့် ကျောင်းပညာရေးကို ထောက်ပံ့ရေးအတွက် ဗျူဟာမြောက်သော ရွေးချယ်စရာများမှာ ကန့်သတ်မှုများရှိနေသည်။

- ယခုလက်ရှိပုံစံအတိုင်း အရေးပေါ်အခြေအနေကာလ ပညာရေးဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးရန်
- စခန်းများတွင် ကျောင်းပညာရေးတစ်ဝက်ပါသောပုံစံကို ကူပြောင်းရန် (သင်ရိုးညွှန်းတမ်းအကုန်မဟုတ်သေးပဲ ချဲ့ရုံသာချဲ့ရန်။ အစိုးရကျောင်းစနစ်နှင့် ဆက်နွယ်နေသော်လည်း အစိုးရမှ ဖွင့်ခြင်းမဟုတ်။ အစိုးကျောင်းအဆင့် တစ်ဝက်မီသော အောင်လက်မှတ်။ နိုင်ငံတကာထောက်ပံ့မှုပေါ်တွင် မူတည်နေသည်။)
- စခန်းများတွင် ကျောင်းပညာရေးစနစ် အဆင့်ထိအောင် ရောက်ရှိရန် ထောက်ပံ့ပေးရန်။ (သင်ရိုးညွှန်းတမ်းအပြည့်သင်ကြားရန်။ နိုင်ငံတကာမှထောက်ပံ့ပေးနေသော်လည်း အစိုးရမှဦးဆောင်ဖွင့်လှစ်ရန်။ အောင်လက်မှတ်အပြည့်ပေးပြီး အခြားပြင်ပ ပညာရေး ဌာနများနှင့်ပါချိတ်ဆက်ရန်။ ဥပမာ တက္ကသိုလ်များ)
- မည်သည့် ကျောင်းပညာရေးပုံစံမျိုးကိုမှ ထောက်ပံ့ခြင်းမပြုရန် (တာဝန်ကို အစိုးရဆီသို့ အပြည့်အဝ လွှဲပြောင်းပေးရန်)

*သို့မဟုတ်* ပြတ်သားပြီး သင့်လျော်သော ဗျူဟာ ကိုသုံးပြီး အထက်ပါနည်းလမ်းများကို ပေါင်းစည်း အသုံးပြုရန် (ကျောင်းပြင်ပ ပညာရေးအမျိုးမျိုးနှင့် ECCD တို့ကိုပါပေါင်း၍) (အစိုးရ၏ ပုံမှန်လုပ်ဆောင်နေသော နယ်ပယ်မှကျော်လွန်ပြီး။ သို့သော် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ထောက်ပံ့နိုင်ရန် အလားအလာဖြင့်)

အထက်ပါ နည်းလမ်းအားလုံး သည် အောက်ပါအချက်များအပေါ် သက်ရောက်မှုနှင့်ပက်သက်ပြီး သုံးသပ်ပြီးလုပ်ဆောင်ရမည်။ က) လူမျိုးချင်းကင်းကွာနေမှုကို ဆက်လက်ရှင်သန်နေခြင်း၊ ပိုမိုတိုးတက်ကောင်းမွန်စေခြင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ၎င်းတွင်ပါဝင်နေမှု။ ခ) အစိုးရ၏ တုံ့ပြန်ကူညီလိုစိတ်နှင့် စွမ်းရည်ကို ပံ့ပိုးခြင်း သို့မဟုတ် လျော့ချခြင်း။ ၄င်းကြောင့် အစိုးရနှင့် ရပ်ရွာ အကြားဆက်ဆံရေး အပေါ်သက်ရောက်မှု။ ဂ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရပ်ရွာများအကြား ဆက်ဆံရေး။ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုမှ အုပ်စု ရပ်ရွာအချင်းချင်း ဆက်ဆံရေးအပေါ် ရေရှည် သက်ရောက်မှု။

### *မဟာဗျူဟာ စဉ်းစားခြင်း*

အစီအစဉ်ကျသော ဝင်ရောက်ကူညီမှုကို ရှာဖွေဖော်ထုတ်ပြီး မဟာဗျူကို ဆုံးဖြတ်ရာတွင် စိတ်ဖြာလေ့လာရန်အတွက် အဓိက သုံးသပ်ချက် နှစ်ချက်ရှိသည်။

- က) လူမှု ပေါင်းစည်းညီညွတ်မှု (social cohesion) သည် ဆိုးရွားစွာ ယိုယွင်းနေသည်။ - အကြမ်းဖက်မှု အခြေအနေများနှင့် ပြန်လည်ပေါင်းစည်းမှုကို အတိုက်အခံပြုခြင်းမှ ပြသနေသည်။
- ခ) လူမှုရေး ပဋိဉာဉ် (social contract) သည် မကြံ့ခိုင်ပါ။ လက်ရှိ နှစ်ဖက်စလုံးမှ အစိုးရအပေါ် မကျေနပ်မှုမှ ပြသနေသည်။

ထိုအချက်များကြောင့် ပြန်လည်ညှိနှိုင်း ပေါင်းစည်းမှုအတွက် ကျိုးပမ်းရန် အချိန်မတန်သေးပါ။ ဤကဲ့သို့ ကိုင်တွယ်ဖြေရှင်းရန်ခက်ခဲသည်ဟုထင်ရသော အခြေအနေမျိုးတွင် အရှေ့သို့ဆက်တိုးရန် ရပ်တန့်လိုစိတ် ဖြစ်ပေါ်ရန်လွယ်ကူသည်။ သို့သော် ယခုကဲ့သို့ စောသေးသော အခြေအနေမျိုးတွင်ပင်လျှင် ပညာရေးဌာမှ ပြုလုပ်သော လုပ်ငန်းများမှ နောင်းပိုင်းအဆင့်များအတွင် ထိရောက်မည့် ငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သော ကူညီမှုလုပ်ငန်းများကို အုတ်မြစ်ချရန်အတွက် နည်းလမ်းများရှိသည်။

အုပ်စုနှစ်စုအကြားရှိသော ဆက်ဆံရေး (the 'bridging social capital'[8]) အပေါ်တွင် လုပ်ကိုင်ခြင်းမှာ မဖြစ်နိုင်သေးပါ။ သို့သော် ပထမ ခြေလှမ်းအနေဖြင့် (ပြဿနာ ပိုမကြီးထွားစေရန် သေချာစွာပြုလုပ်ခြင်း အပြင်), အုပ်စုနှစ်စု အသီးသီးအတွင်းရှိ ဆက်ဆံရေး (the 'bonding social capital'[9]) များကို ကောင်းမွန်လာအောင် ပြုလုပ်လိုလျှင် ဖြစ်နိုင်သည်။ ၎င်းသည် အုပ်စု နှစ်အုပ်စုလုံးအတွင်းရှိ အစွန်းမရောက်သူများ ပဋိပက္ခ၏ အခရာဖြစ်သော အစွန်းရောက်မှုကို ရောက်ရှိသွားခြင်းမှ တားဆီးနိုင်သည့် အလားအလာရှိပြီး အုပ်စု နှစ်အုပ်စုလုံးက ရရှိရန် ကြိုးပမ်းနေသော အလယ်အလတ်လမ်းစဉ်ကိုရစေမည်။

လူမှုရေး ပဋိဉာဉ် (social contract)ကို ပြန်လည်တည်ဆောက်ခြင်းကြောင့် အရေးပါလာနိုင်သော ကူညီမှု တစ်ခုမှာ မွတ်စလင်လူထု နှင့် နိုင်ငံတော် အစိုးရအကြား ဆက်ဆံရေးကို ပြန်လည်ထူထောင်ပေးရန်နှင့် တချိန်တည်းတွင် ရခိုင်လူထုနှင့် နိုင်ငံတော် အစိုးရကြားဆက်ဆံရေး ပိုမို ကောင်းမွန်လာအောင်ပြုလုပ်ရန် ဗျူဟာတစ်ခု အသုံးပြုရန်ဖြစ်ပါသည်။ အကဲဖြတ်လေ့လာမှုတွင် နိုင်ငံတော်အစိုးရ နှင့် အုပ်စုနှစ်စုစလုံး၏ ဆက်ဆံရေးမှာ အလွန်အားနည်းနေ သို့မဟုတ် ပျက်ပျားလုနီးပါးရှိနေသည်ဟု ရှာဖွေတွေ့ရှိခဲ့ရသည်။ ပညာရေးသည် လူမှု မညီညွတ်မှုကို ပြောင်းလဲစေနိုင်သော အစွမ်းထက်သည့် ဖွဲ့စည်းတည်ဆောက်မှုကြီးဖြစ်သည်။ သို့ဖြစ်၍ 'မည်သည့် အစိုးရအတွက်မဆို ပညာရေးသည် လူမှု ပေါင်းစည်းညီညွတ်မှု (social cohesion)ကို တိုးတက်လာစေရန် အရေးအပါဆုံး မူဝါဒမောင်းတံ တစ်ခုဖြစ်သည် [10] ။ (လူမှုရေး ပဋိဉာဉ်၏ အစိတ်အပိုင်းတစ်ခု အနေဖြင့်) နိုင်ငံတော်အစိုးရ နှင့် လူထုအကြား ဆက်ဆံရေးကောင်းမွန်စေခြင်းသည် နောက်ဆက်တွဲဖြစ်လာနိုင်မည့် အကြမ်းဖက်မှုကို အစိုးအရ၏ မှန်းဆနိုင်စွမ်း နှင့် တားဆီး ထိန်းချုပ်နိုင်စွမ်းတို့ကို မြင့်တင်ပေးပါသည်။

---

[8] "Bridging social capital': မတူညီသော လူမှုအဖွဲ့အမျိုးမျိုးအကြား တွေ့ကြုံခံစားမှု နှင့် ဆက်သွယ်မှုတို့အပေါ် မူတည်၍ ပေါ်ပေါက်လာသည့် ယုံကြည်မှုစိတ်. လူမျိုးပေါင်းစုံလေလေ bridging social capital ပိုတိုးတက်လေလေဖြစ်သည်။

[9] 'Bonding social capital': တူညီသော/ဆင်တူသော (လူမျိုး၊ ဘာသာ၊ စကား) လူမှုအဖွဲ့အတွင်း၌ရှိသော လူများခံစားရသည့် ပေါင်းစည်းမှုစိတ်ဓာတ်/အနှောင်အဖွဲ့

[10] Kotite, P. (2012), Education for conflict prevention and peace-building: Meeting the challenges of the 21st Century, International Institute for Educational Planning (IIEP), UNESCO, Paris.

### *နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍ*

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် ပညာရေး၏ အရေးပါပုံ၊ ပညာရေးသည် အကြမ်းဖက်မှု နှင့် အစွန်းရောက်မှုတို့ဖြင့် ဆက်စပ်နေပုံ နှင့် ၎င်းတို့အား တားဆီးနိုင်ပုံ စသည်တို့ကို အသိအမှတ်ပြုသော်လည်း ၎င်း၏ မူဝါဒ သြဇာအရှိန်အဝါကို လက်ရှိတွင် အသုံးမပြုရသေးပါ။ ဤကဲ့သို့ အသိအမှတ်ပြုခြင်းသည် ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီအရင်ခံစာ အကြံပြုချက်များတွင် ပေါ်လွင်ထင်ရှားသည်။ ထိုအစီရင်ခံစာတွင် ပညာရေး သင်ရိုးညွှန်းတမ်းများ အပြောင်းလဲပြုပြင်ရန် လိုအပ်ခြင်း၊ မြန်မာစာ တတ်မြောက်မှုကို မြှင့်တင်ရန်အာရုံစိုက်ခြင်း၊ လူ့အခွင့်အရေး နှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းအပါအဝင် 'လူထု ပညာရေး (public education)' (ဝါဒဖြန့်ခြင်းအား တန်ပြန်လှုပ်ရှားမှု နှင့် ကောလာဟလ ကိုင်တွယ်ဖြေရှင်းမှု) စသည်တို့ကို အကြံပြုထားသည်။ နိုင်ငံတော် အစိုးရသည် မွတ်စလင် IDP စခန်းများသို့ ယာယီကျောင်းအချို့ တည်ဆောက်ခြင်း၊ နည်းပါးသော ဘဏ္ဍာငွေဖြင့် စေသနာ့ဝန်ထမ်း ဆရာ/မများ ငှားရမ်းခြင်း နှင့် ဖတ်စာအုပ်အချို့ပံ့ပိုးခြင်း စသည့်ပုံစံတို့ဖြင့် ပညာရေးထောက်ပံ့မှုအချို့ ပြုလုပ်နေသည်။ သို့သော် ဤအဆင့်မျှ ပြုလုပ်ခြင်းသည် လုံလောက်မှုမရှိသေးပါ။ ၎င်းသည် ရခိုင်ပြည်နယ်၏ အခြေအနေအပေါ်တွင် သာမန် အကြမ်းဖျင်းကိုင်တွယ်မှုတစ်ခုသာဖြစ်ပြီး ပြတ်သားစွာကိုင်တွယ်ဖြေရှင်းမှု မဟုတ်ဘဲ အနည်းအကျဉ်းမျှသာဖြစ်သည်။ ရခိုင် ပဋိပက္ခ အားကိုင်တွယ်ဖြေရှင်းရန် မည်သည့် နိုင်ငံတော် အစိုးရ စီမံကိန်း သို့မဟုတ် ဗျူဟာမျှ မထုတ်ပြန်ရသေးပါ။ သို့သော် ပညာရေးထောက်ပံ့နေသော သူများအတွက်သော်လည်းကောင်း ရယူနေသော သူများအတွက်သော်လည်းကောင်း အားလုံးအတွက် အောက်ပါ အကြံပြုချက်များအတိုင်း သင့်တော်၍ ပြတ်သားသော ဗျူဟာ (တိုက်တွန်း နှိုးဆော်မှု အပါအဝင်) ကို အသုံးပြုလျှင် ကောင်းမွန်သော အခြေအနေသို့ ပြောင်းလို့မရနိုင်ဟု မဆိုလိုပါ။

### *မဟာဗျူဟာ အကြံပြုချက်*

ထို့ကြောင့် အရေးပေါ်ကာလ နှောင်းပိုင်း ပညာရေး အဆင့်တွင် (ဖွန်လ ၂၀၁၄), ရေတိုကာလ (၂ နှစ်) အတွင်း မွတ်စလင် IDP စခန်းအများစုသည် ဆက်လက်တည်ရှိနေမည်ဟူသော မှန်းဆချက်ပေါ်မူတည်၍ နိုင်ငံတကာ အဖွဲ့အစည်းများသည် အောက်ပါတို့ကို ပြုလုပ်သင့်သည်။

- *ကျောင်းပညာရေးကို* (ယာယီ ကျောင်းနေရာများ နှင့် တည်ရှိပြီးသား ကျောင်းများတွင်) ထောက်ပံ့ပေးရမည့် နိုင်ငံတော်အစိုးရ၏ တာဝန်အပေါ်တွင် အထူး တိုက်တွန်းနှိုးဆော်မှု ပြုလုပ်ပါ။ အထူးသဖြင့် သိသာမြင်တွေ့နိုင်သော အပိုင်းများဖြစ်သည့် (ဆောက်အအုံ နှင့် ပရိဘောဂ၊ ဆရာ/မများ၊ ဖတ်စာအုပ်များ)
- နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှု နှင့် နည်းပါးသော အရင်းအမြစ်များကို ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် (အနည်းဆုံး အေးချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်း) အုတ်မြစ်ချနိုင်ရန်အတွက် တန်ဖိုးအများဆုံးထည့်ဝင်နိုင်သည့် အရည်အသွေးပိုင်းဆိုင်ရာ အပိုင်းများတွင် ထောက်ပံ့မှုမျိုးကို ပြုလုပ်နိုင်အောင် အာရုံစိုက်ပါ။

၎င်းသည် နိုင်ငံတော် အစိုးရနှင့် မွတ်စလင်လူထုအကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးနိုင်ရုံသာမက ယခု တဖြည်းဖြည်း အမြစ်တွယ်လာသော လူမျိုးကင်းကွာမှုတွင် နိုင်ငံတကာ အဖွဲ့များ၏ ပါဝင်ပက်သက်မှုကို

လျှော့ချနိုင်မည်ဖြစ်သည်။ ၎င်းသည် နိုင်ငံတကာ အဖွဲ့အစည်းများက ပညာရေးဝန်ဆောင်မှုကို အထိကထောက်ပံ့နေသူ ဖြစ်နေ/ဖြစ်လာခြင်းမှ ရွေ့သွားစေပြီး ထိုတာဝန် နှင့် လက်ရှိထောက်ပံ့ပေးပြီးသား ဝန်ဆောင်မှု (TLS နှင့် ဆရာ/မ) များကို အစိုးရဆီသို့ လွှဲပြောင်းပေးနိုင်သည်။ သို့ဖြစ်ပါက နိုင်ငံတကာ အဖွဲ့အစည်းများအား ၎င်းဝန်ဆောင်မှုများကို အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်မှုများကိုပြုလုပ်နိုင်ရန် အချိန်ရစေမည်။ အစိုးရကို တရားဝင် အများယုံကြည်လက်ခံလာနိုင်မှု တိုးပွားလာစေမည့် ပုံစံဖြင့်ပြုလုပ်ပေးရမည် (လူမှုရေး ပဋိဉာဉ်အတွက် အရေးပါသော အချက်တစ်ခုဖြစ်သည်။) တချိန်တည်းတွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးတည်ဆောက်ရန် အတွက် အခြား ရေတိုနှင့်ရေရှည် လူမှုရေး နှင့် စီးပွားရေး ကဏ္ဍများကို ထောက်ပံ့မည့် လုပ်ငန်းများ နှင့် ဝန်ဆောင်မှုများကို လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ဆောင်ရွက်သူများ၊ ဘဏ္ဍာငွေများမှ ရင်းနှီးပြုလုပ်သင့်သည်။ ဥပမာ လူငယ် နှင့် ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေး (ECCD)။

ဤကဲ့သို့ ချဉ်းကပ်နည်းကို ပြုလုပ်ပါက နိုင်ငံတော်အစိုးရထံမှ ယခု လုပ်ဆောင်နေသည်ထက်ပိုသော တစ်စိုက်မတ်မတ်လုပ်ဆောင်မှုကို လိုအပ်လိမ့်မည်။ သို့သော် နိုင်ငံတော် အစိုးရအား အဓိက တာဝန်ရှိသူ အနေနှင့် ထောက်ပံ့ပေးပြီး အရည်အသွေးမြှင့်တင်ခြင်းအားဖြင့် ၎င်း၏ သက်ရောက်မှုကို ကြီးမားစေနိုင်မည့် ပြတ်သား၍ သင့်တော်သော ဗျူဟာကို အခြား အကူအညီများ နှင့်ပေါင်းစည်းလိုက်ပါက လက်ခံနိုင်ဖွယ် လုပ်ငန်းဆောင်တာတစ်ခု ဖြစ်လာမည်။ ထို့အပြင် ၂၀၁၅ ရွေးကောက်ပွဲ အတွက်ပင် နာမည်ကောင်းရစေမည်။ အခြားရွေးချယ်စရာ တစ်ခုမှာ နိုင်ငံတကာ အဖွဲ့အစည်းများမှ မွတ်စလင် IDP စခန်းများ အတွက် အဓိကပညာရေး ပံ့ပိုးသူများအနေနှင့် ဆက်လက်လုပ်ကိုင်ရန်ဖြစ်သည်။ ၎င်းသည် အရင်းအမြစ်မလုံလောက်မှု နှင့် သီးသန့် အပြိုင် ပညာရေးစနစ်ဖြစ်ပေါ်လာစေနိုင်သည့် အန္တရာယ်ရှိသောကြောင့် လက်သင့်ခံနိုင်စရာမရှိသလို ဖြစ်လည်းမဖြစ်နိုင်ပါ။ ပညာရေးအား လုံးဝထောက်ပံ့မှုမပေးပဲ ရပ်တန့်လိုက်မည်ဟူသော ရွေးချယ်စရာ အတွက်မူ 'Do No Harm' ရှုထောင့်မှကြည့်လျှင် ဆီလျော်ပြီး နိုင်ငံတော်အစိုးရအား ၎င်း၏တာဝန်ကို ယူဆောင်စေရန် ဖိအားပေးနိုင်မည်။ သို့သော် ဤသို့ပြုလုပ်ခြင်းအားဖြင့် ဖြစ်လာနိုင်သော အကျိုးဆက်ကို သေချာစွာ အကဲဖြတ်စစ်ဆေးရန်လိုအပ်သလို ၎င်းကို အပျက်သဘောမဟုတ်ဘဲ 'အပြုသဘောဆောင်သော ငြိမ်းချမ်းရေး'[11] (positive peace)ကို ထူထောင်ရန် အခွင့်အရေး အနေနှင့် အသုံးချရန် လက်မလွတ်သင့်ပါ။. ထို့အပြင် ဤအကျပ်ရိုက်ခြင်းကို ဖြေရှင်းရာတွင် 'ကူညီထောက်ပံ့မှုပြုလျှင် အန္တရာယ်ဖြစ်ပေါ်လာစေနိုင်သည်၊ မည်သည့်ကိုမှ မထောက်ပံ့မကူညီလျှင် မည်သည့်အန္တရာယ်ကိုမျှ မဖြစ်လာစေနိုင်ဟု ကောက်ချက်ချခြင်းသည် လူ့ကျင့်ဝတ် နှင့် ဆင်ခြင်တုံတရား အတွေးမှားခြင်း (moral and logical fallacy) ဖြစ်သည်ကို' သိထားရမည်ဖြစ်သည် (Anderson, ၁၉၉၂)[12]။

## *လက်တွေ့ဖြစ်နိုင်ခြေကို စမ်းစစ်ခြင်း*

မည်သည့် စီမံကိန်း နှင့် မဟာဗျူဟာကို သုံးစေကာမူ ပညာရေးတစ်ခုတည်းမှ လူမျိုး၊ ဘာသာတစ်ခု အတွက် (identity – based) အခြေပြု၍ အကြမ်းဖက်သော ပဋိပက္ခကို ဖြေရှင်းနိုင်ရန် မျှော်လင့်၍မရပါ။ သို့သော် ပဋိပက္ခအတွက် ရေရှည်

[11] Galtung, J. (1976) 'Three approaches to peace: Peacekeeping, peacemaking, and peace-building' in Peace, War and Defence: Essays in peace research, International Peace Research Institute, Oslo.

[12] Anderson, M. B. (1999) Do No Harm: How Aid Can Support Peace – or War', Boulder, CO, Lynne Rienner.

လုပ်ကိုင်ရမည့် အဆင့်အမျိုးမျိုးပါဝင်သော ကဏ္ဍအားလုံးစုပေါင်းလုပ်ကိုင်ရသည့် ဗျူဟာမျိုးတွင် ပညာရေးသည် အရေးပါသော နေရာမှ ပါဝင်ပါသည်။ ဤကဲ့သို့ ရှုပ်ထွေးသည့် အခြေအနေမျိုးတွင် လက်တွေ့ကျသော မျှော်လင့်ချက်များကို ထိန်းသိမ်းထားရန်မှာ အရေးကြီးပါသည်; 'အနာဂတ်တွင် ပဋိပက္ခ ထပ်ဖြစ်လာနိုင်ခြေ အနည်းဆုံးဖြစ်အောင် ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့ အတတ်နိုင်ဆုံးလုပ်နိုင်သည့် အရာ' (Davies, ၂၀၁၃) [13] ဖြစ်လျှင်တောင်မှ ကျိုးပမ်းရကျိုးနပ်ပါသည်။

***အောက်ဖော်ပြပါသည် အကဲဖြတ်စစ်ဆေးမှု၏ အကျဉ်းချုပ်သာဖြစ်ပြီး အသုံးပြုခဲ့သောနည်းလမ်းများ၊ အဓိကရှာဖွေတွေ့ရှိချက်များ၊ သုံးသပ်ချက် နိဂုံး နှင့် အကြံပြုချက်စသည်တို့ အကျဉ်းချုံး ပါဝင်သည်။*** *အစီအရင်ခံစာ အပြည့်အစုံတွင် နောက်ခံအခြေအနေ အသေးစိတ်၊ ဖြစ်ပွားခြင်း ဇာစ်မြစ် အကြမ်းဖျင်း ဖော်ပြချက်၊ ပဋိပက္ခကို ဆိုးရွားစေသော အကြောင်းခံများ၊ မြန်မာနိုင်ငံ နှင့် ရခိုင်ပြည်နယ် ပညာရေး အချက်အလက်များ ပါဝင်သည်။*

## အသုံးပြုခဲ့သည့် နည်းလမ်းများ

မေးမြန်းမှုပြုလုပ်ခဲ့သော နေရာများသည် အကြမ်းဖက်မှုကို တိုက်ရိုက်ခံစားခဲ့ရပြီး နေရာရွှေ့ပြောင်းခဲ့ရသော (Save the Children လက်ရှိ လုပ်ငန်းဆောင်ရွက်နေသည့်) စစ်တွေ နှင့် ပေါက်တော မြို့နယ်တို့ဖြစ်သည်။ အချက်အလက်များကို Do No Harm နှင့် အကဲဖြတ် ကိရိယာများတွင် လေ့ကျင့်သင်ကြားထားသော စာရင်းကောက်ယူသူများမှ စုဆောင်းထားသည်။ အုပ်စုအတွင်း နှင့် အုပ်စုအချင်းချင်းအကြား မတူညီသော အတွေ့အကြုံ နှင့် အမြင်အမျိုးမျိုးကို ရရှိနိုင် အတွက် ဖြေကြားသူအဖွဲ့များကို အောက်ဖော်ပြပါအတိုင်း ရွေးချယ်ထားသည်။

- ဖြေကြားသူအဖွဲ့များ။ ။ရခိုင် နှင့် မွတ်စလင်နှစ်ဖက်စလုံးမှ စခန်း/ရပ်ရွာခေါင်းဆောင်၊ ကလေးငယ်များ၊ လူငယ်များ (ယောကျ်ားလေး၊ မိန်းကလေး ခွဲပြီး) မိဘ၊ ဆရာ/မများ (ရှိလျှင်)
- အရေးပါသော ဖြေကြားသူများ။ ။ရခိုင် အစိုးရရုံးများ၊ ရခိုင် NGO အဖွဲ့အစည်းများ၊ ရခိုင် ရဟန်းများ

| ရက်စွဲ | ဒေသ | မြို့နယ် - အပိုင်း | နေရာအမျိုးအစား | လူမျိုး / ဘာသာ |
|---|---|---|---|---|
| ၂ - စက်တင်ဘာ | သက်ကယ်ပြင် | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| | ဘောဒူပ | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| | အုန်းတောကြီး ၄ | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| | ဆက်ရိုးကျ | စစ်တွေ - မြို့ထဲ | IDP အခြေချနေရာ | ရခိုင် |
| | ဘောလုံးကွင်း + ဒုန်းတိုက်ကွင်း | စစ်တွေ - မြို့ထဲ | IDP အခြေချနေရာ | ရခိုင် |
| ၃ - စက်တင်ဘာ | သက်ကယ်ပြင် | စစ်တွေ - ကျေးလက် | ရွာခံ | မွတ်စလင် |
| | ဘောဒူပ | စစ်တွေ - ကျေးလက် | ရွာခံ | မွတ်စလင် |
| | အုန်းတောကြီး | စစ်တွေ - ကျေးလက် | ရွာခံ | မွတ်စလင် |
| | မင်းဂံ + မိုးလေဝသ + စက်ရုံစု | စစ်တွေ - မြို့ထဲ | IDP အခြေချနေရာ | ရခိုင် |
| ၄ - စက်တင်ဘာ | စင်တက်မော် | ပေါက်တော - ကျေးလက် | IDP စခန်း | မွတ်စလင် (ကမန်) |

[13] Davies, L. (2013) 'Education Change and Peace-building' FriEnt Working Group on peace and development.

| | | | | |
|---|---|---|---|---|
| | စင်တက်မော် | ပေါက်တော - မြို့ထဲ | ရွာခံ | ရခိုင် |
| | အုန်းတောကြီး ၃ | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| **၅ - စက်တင်ဘာ** | ဘာစရာ | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| | ဘာစရာ | စစ်တွေ - ကျေးလက် | ရွာခံ | မွတ်စလင် |
| **၆ - စက်တင်ဘာ** | ရွာသာယာ | စစ်တွေ - မြို့ထဲ | ရွာခံ | ရခိုင် |
| | မန်ဇီ | စစ်တွေ - ကျေးလက် | ရွာခံ | မွတ်စလင် |
| | ကြိမ်နီပြင် | ပေါက်တော - ကျေးလက် | IDP စခန်း | မွတ်စလင် |
| **၇ - စက်တင်ဘာ** | ပေါက်တဲ မြို့ထဲ | ပေါက်တော - မြို့ထဲ | IDP အခြေချနေရာ | ရခိုင် |
| | စက်ရုံစု | စစ်တွေ - မြို့ထဲ | ရွာခံ | ဟိန္ဒူ (မာရမကြီး) |
| | ဖွယ်ရာကုန်း | စစ်တွေ - ကျေးလက် | IDP စခန်း | မွတ်စလင် |
| | | | | |

အသုံးပြုသော ကိရိယာကို ပုံစံသတ်မှတ်ထားသော်လည်း အပြန်အလှည် ဆွေးနွေးမှုကို အားပေးနိုင်ရန်ပြုလုပ်ထားသည်။ ဆွေးနွေးမှုအပြင် timeline နှင့် stakeholder မြေပုံဆွဲခြင်းလည်း ပြုလုပ်ခဲ့ကြသည်။ Do No Harm သည် အကဲဖြတ်လေ့လာမှုတွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့်အလျောက် အချက်အလက်စုဆောင်းသော ကိရိယာများသည် ၎င်း၏မူဘောင်အတိုင်း ကိုက်ညီအောင်ပြုလုပ်ထားသည်။ ၎င်းမူဘောင်ကို အချက်အလက်များ စိတ်ဖြာလေ့လာရာတွင်လည်း အသုံးပြုထားသည်။ သတင်းကောက် ပုံစံများကို ကလေးငယ်များမှလွဲ၍ အခြားသတင်းပေးသူအားလုံးအတွက် အသုံးပြုခဲ့သည်။ ကလေးငယ်များအတွက်မူ အဖွဲ့လိုက်ပုံဆွဲခြင်းကို ပြုလုပ်ခဲ့သည် (သူတို့၏ ယခင်/လက်ရှိ ကျောင်း၊ ပညာရေး အခြေအနေ နှင့် အနာဂတ်တွင် မည်ကဲ့သို့မြင်လိုသည်တို့ ပုံဆွဲပြစေသည်)။

***သတိပြုရန်။*** *။ဤအစီအရင်ခံစာသည် အထက်ဖော်ပြပါနည်းလမ်းအတိုင်း ကောက်ယူရရှိခဲ့သော အချက်အလက်များအပေါ် မူတည်၍ အထင်ရှားဆုံးသော တွေ့ရှိချက်များကို တင်ပြခြင်းဖြစ်သည်။ လူအများစု၏ ယေဘုယျ အမြင်ကို တင်ပြလိုခြင်းဖြစ်သောကြောင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အမြင်ကို တိတိကျကျဖော်ပြထားခြင်းမလုပ်နိုင်ပါ။ ၎င်းကိုလည်း အရေးအသားမှ တွေ့မြင်နိုင်မည်။ သို့သော် ရပ်ရွာအတွင်းရှိ လူတိုင်းတွင် အမြင်အမျိုးမျိုးစီ ရှိကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။*

## အဓိကတွေ့ရှိချက်များ

### *အထွေထွေ*

- မွတ်စလင် လူထုအပေါ်တွင် ခွဲခြားဆက်ဆံမှုများ ပဋိပက္ခ မတိုင်မီ နှစ်များတွင် တဖြည်းဖြည်းမြင့်မားလာသည် (ရခိုင်တို့၏ စီးပွားရေး သာလွန်မှု အားပြောင်းသွားပြီး မွတ်စလင်တို့၏ လူနေမှုအဆင့်အတန်း မြင့်တက်မှုနှင့် ဆက်စပ်မှုရှိနိုင်သည် (အုပ်စိုးလာမည်ဟု အထင်ဖြင့် မယုံကြည်မှု တိုးပွားလာသည်))။
- မွတ်စလင်လူအများစုသည် အိုးအိမ်သို့ပြန်သွားပြီး အေးချမ်းသော ယခင် ဘဝကိုပြန်စရန် ဆန္ဒရှိကြပြီး ဤကဲ့သို့ ဖြစ်လာရန် မျှော်လင့်နေကြသည်၊ သို့သော် ၎င်းသည် အချိန်တိုအတွင်းဖြစ်လာမည်ဟု အနည်းငယ်ကသာထင်သည်။ ရခိုင်လူအများစုမှာ ယခင် အခြေအနေအတိုင်း ဘဝကိုပြန်သွားရန် စိတ်ဝင်စားမှုမပြပါ - (ပဋိပက္ခနှင့် လူမျိုး ကင်းကွာနေမှုသည် စီးပွားရေးအခြေအနေကို ပိုမိုဆိုးရွားစေသော်လည်း) မွတ်စလင်များ မရှိသော ဘဝကို မျှော်မှန်းကြသည်။
- ဖြစ်ပေါ်နေသော ပြဿနာအများစု သည် နိုင်ငံသား သတ်မှတ်ရေးပြဿနာ နှင့် အဓိကဆက်စပ်နေပြီး အုပ်စုနှစ်စုလုံး နှင့် အစိုးရအကြား ဆက်ဆံရေးကို သတ်မှတ်နေသည်။ ဤပြဿနာသည် ၂၀၁၅ ရွေးကောက်ပွဲအတွက် အဓိကအချက် အနေနှင့် ဖြစ်လာနိုင်သည်။
- ရခိုင်များအကြား အများလက်ခံထားသော အယူအဆမှာ နိုင်ငံတကာအထောက်အပံ့များသည် မွတ်စလင်လူဦးရေကို အားကောင်းလာစေရန် (တိုးပွားရန် အလားအလာဖြင့်) အသုံးချနေသည်ဟူ၍ ဖြစ်သည်။ သို့သော် အခြား ဆန့်ကျင်ဘက် ဆက်စပ်သော စိုးရိမ်မှုတစ်ခုမှာမူ မလုံလောက်သော ထောက်ပံ့မှုကြောင့် ဖြစ်ပေါ်လာသော နာကြည်းချက်သည် အကြမ်းဖက်မှုသို့ ရောက်ရှိသွားမည်၊ ထို့ကြောင့် ရခိုင်လူထုအပေါ် တိုက်ရိုက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာမည်ဟူ၍ ဖြစ်သည်။
- ရခိုင်များအကြား အများလက်ခံထားသည့် ဆက်စပ်သော အယူအဆ နောက်တစ်ခုမှာ ပြင်ပအဖွဲ့အစည်းများ နှင့် ၎င်းတို့၏ ဝင်ရောက်စွက်ဖက်မှုသည် ပြဿနာကိုင်တွယ်ဖြေရှင်းရန် တင်းမာစေသော အရာများဖြစ်နေသည်ဟူ၍ ဖြစ်သည်။ (အထူးအသင့် OIC)
- ပဋိပက္ခ နှင့် လူမျိုးချင်းကင်းကွာနေမှုကြောင့် စီးပွားရေး ထိခိုက်မှုရှိသော်ငြားလည်း မေးမြန်းခဲ့သော ရခိုင်များအကြားတွင် (ပြန်လည်ပေါင်းစည်းလိုခြင်း ဆန္ဒမရှိမှုနှင့် အညီ) မွတ်စလင်များနှင့် စီးပွားရေး ဆက်ဆံမှုများပြန်လည်ပြုလုပ်လိုသော ဆန္ဒမရှိပါ။ သို့သော် အုပ်စုနှစ်စုကြားအတွင်း အချို့နေရာများတွင် (အစပိုင်းတွင် ရန်တုံ့ပြန်မှုရှိသော်လည်း) စီးပွားရေးဆက်လုပ်/ပြန်စနေပြီဖြစ်ပြီး ဆက်လက်ကြီးထွားလာနိုင်သည်။ ရခိုင်ဒေသအတွက် စီစဉ်နေသော (သို့မဟုတ်) လုပ်ဆောင်နေသော စီးပွားရေး စီမံကိန်းကြီးများသည် စီးပွားအရေးအရ ပေါင်းစည်းပေးနိုင်သလို အုပ်စုနှစ်စုအကြား ကင်းကွာခြင်းကို ပိုမိုအားကောင်းလာစေနိုင်သည့် အလားအလာ ရှိသည်။
- ဩဇာရှိ ပညာတတ် ရခိုင် အချို့ သည် မွတ်စလင်တို့ အင်အားကောင်းလာခြင်း နှင့် လွှမ်းမိုးလာမှုကို အစ္စလမ်ဘာသာ၏ သဘာဝ နှင့် ကျင့်သုံးမှု အလေ့အထပေါ်တွင် ဆက်စပ်သည်ဟု မြင်သည် (ဥပမာ မိသားစု ဦးရေများပြားခြင်း၊ မိန်းမတစ်ဦးထက်ပိုယူနိုင်သော ဓလေ့)။ ပညာခြေခံမရှိသော မွတ်စလင်လူဦးအပေါ် ထိန်းချုပ် ခြယ်လှယ်နေသော 'အစွန်းရောက်' ပညာတတ် မော်လဝီ ဘာသာရေးဆရာများ အပေါ်၌ စိုးရိမ်မှုကို ယခုတွင်မူ အာရုံစိုက်နေကြသည်။ (ဤလေ့လာမှုအရ ၎င်းအဆိုသည် အထောက်အထားမခိုင်လုံပါ)

- မွတ်စလင်စခန်းများ၌ အမျိုးသမီးများ အပေါ် ပိုမို တင်းကျပ်သော ရှေးရိုးဆန်သည့် ဝတ်စားဆင်ယင်မှု (ခေါင်းခြုံခြင်း အပါအဝင်)၊ သွားလာလှုပ်ရှားမှု နှင့် လုပ်ငန်းများ အပေါ်ထိန်းချုပ်ခြင်း (ကျောင်းသွားခြင်း အပါအဝင်) စသည်တို့နှင့် ပက်သက်သော သတင်းများသည် မွတ်စလင်စခန်းများအတွင်း ပြင်းထန်လာသော ရှေးရိုးဆန်မှုကို ပြသနေသည်။ ၎င်းသည် မွတ်စလင်တို့ အစွန်းရောက်သည်ဟူသော ရခိုင်တို့၏ အမြင်ကို တိုးပွားစေသည်။ သို့သော် ဤသို့ဖြစ်ရခြင်းမှာ ရပ်ရွာ အခြေအနေ ယိုယွင်းနေခြင်းကြောင့် မိမိကိုယ်ကို လုံခြုံရေးအတွက် စိုးရိမ်မှုဖြင့် ပြုလုပ်ရခြင်းဖြစ်ပြီး ယဉ်ကျေးမှု အစဉ်အလာသစ်ကို ကူပြောင်းလိုခြင်းမဟုတ်သည်လည်း ဖြစ်နိုင်ပါသည်။
- စစ်တပ်မှ သွားလာလှုပ်ရှားမှုကို တားဆီးခြင်းအပြင် အချို့မွတ်စလင် IDPများ သတင်းပေးသည်မှာ ယခုကဲ့သို့ ကန့်သတ်ထိန်းချုပ်မှုသည် စစ်တပ်နှင့် ရဲအား IDP များအပေါ် ထင်တိုင်းကြဲ အကျဉ်းချခြင်း နှင့် အပြစ်ပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် အခွင့်ရေးပေးနေသည်ဟူ၍ဖြစ်သည်။

*ပညာရေး*

- ပညာရေး ဝန်ဆောင်မှု ထောက်ပံ့ခြင်းနှင့် ဖြန့်ချီခြင်းတို့တွင် တရားမျှတမှု မရှိရာ၌ ပုံစံအမျိုးမျိုးနှင့် အဆင့်အမျိုးမျိုးတွင် ရှိသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးအပေါ်တွင်အနေနှင့် အရင်းအမြစ် (ပညာရေးအပါအဝင်) ခွဲဝေချထားမှုမှာ တရားမျှတခြင်းမရှိပါ။ ရခိုင်ပြည်နယ် အတွင်းတွင်မူ မွတ်စလင်လူဦးရေ နှင့် ကျောင်းများမှာ လျစ်လျူရှုခံနေရသည်။ မွတ်စလင် ကျောင်းသားများသည် အချို့ တက္ကသိုလ်ဘာသာများကို တက်ရောက်ခြင်း နှင့် အောင်လက်မှတ် ရရှိခြင်းမှ စနစ်ကြောင့် တားဆီးခံနေရသည်။ (ဥပမာ ဥပဒေ၊ ဆေးပညာ နှင့် သိပ္ပံ)။ အတူတက်ရောက်ရသော ကျောင်းများတွင် မူဆလင်ကျောင်းသား/သူများသည် ရခိုင်ကျောင်းသား/သူများ၊ ဆရာ/မများမှ ခွဲခြားဆက်ဆံခြင်းကို ခံရသည်ဟု ပြန်ပြောကြသည်။
- မိခင်ဘာစကားများ မတူညီမှုသည် ပူးတွဲတက်ရောက်ရသော ကျောင်းများတွင် ခွဲခြားဆက်ဆံမှုပြဿနာကို အထူးသဖြင့် ပိုဆိုးစေသည်။ ယခုအခါတွင် မွတ်စလင် ကျောင်းသား/သူများသည် ရခိုင်စကားထက် မြန်မာစကားကို မြန်မာနိုင်ငံတွင် သူတို့၏ အနာဂတ်အတွက် ဘာသာစကား တစ်ခုအနေနှင့် ပို၍သင်လိုကြသည်။ အင်္ဂလိပ်စာကို ၎င်းရည်ရွယ်ချက်ကြောင့်ပင် ပို၍သင်လိုကြသည်။
- သူတို့ အိုးအိမ်သို့ပြန်လိုသော ဆန္ဒ၏ တစ်စိတ်တစ်ဒေသအနေဖြင့် မွတ်စလင် မိဘများနှင့် ကလေးများသည် သူတို့ယခင်ကတက်ခဲ့သော ကျောင်းများသို့ပြန်သွားရန် မျှော်မှန်းကြသည်။ ပြန်လည်ပေါင်းစည်းခြင်း မပြုလုပ်လိုသော ဆန္ဒ အရ တွေ့ဆုံမေးမြန်းခဲ့သော ရခိုင်များသည် အရင်ကဲ့သို့ အတူတက်ရောက်ရသော ကျောင်းများအတိုင်း ပြန်လည်မပြုလုပ်စေလိုပါ။
- ဗလီ ဘာသာရေး ကျောင်းများသည် စာသင်ကျောင်းမရှိသော အရပ်များတွင် အရေးပါသော ကဏ္ဍမှပါဝင်နေသည် (ယခုတွင်လည်း ဖြစ်နေသည်)။ သို့သော် ၎င်းသည် ဘာသာရေးထက် ပို၍အခြား မည်သည်ကိုမှသင်ကြားပေးမည်မဟုတ်သလို တစ်စုံတစ်ရာ လွှမ်းမိုးမှုမရှိပါ – ကျောင်းပညာရေးကိုသာ ဦးစားပေးရန်လိုနေပါသည်။ စခန်းများရှိ ဗလီ ဘာသာရေး ကျောင်းများသည် မွတ်စလင်ကလေးများအား ရခိုင် မုန်းတီးရေးကို ဟောကြားနေသည်ဟူသော ရခိုင်လူအများယုံကြည်မှုနှင့် ပက်သက်၍ မွတ်စလင်များဖြင့် ဆွေးနွေးရာနှင့် တွေ့မြင်ချက်များမှ အထောက်အထားမရခဲ့ပါ။

- ပညာရေးသည် စီးပွားရေး လူမှုရေး အထောက်အကူပြုသောကြောင့် အုပ်စုနှစ်ဖက်စလုံးမှ မိဘများသည် ပညာရေးကို အားပေးကြသည်။ သို့သော် လက်ရှိ (IDP အတွက်) သွားလာမှုတားဆီးခံရခြင်း နှင့် အလုပ်အကိုင်အခွင့်အလမ်းမရှိမှု၊ (ရခိုင်အတွက်) စီးပွားရေး အားမကောင်းခြင်း နှင့် အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှု စသည့် အခြေအနေများကြောင့် အုပ်စုနှစ်ဖက်စလုံးမှ မိဘများသည် ပညာရေး၏ သင့်တော်မှု နှင့် အသုံးဝင်မှုတို့အပေါ် စိုးရိမ်သည်။
- မြို့အထဲပိုင်းမှ အချို့ မွတ်စလင် မိန်းကလေးများသည် ပဋိပက္ခ မတိုင်ခင်တွင် လွတ်လပ်စွာသွားလာခွင့်ရှိသည်ဟု တင်ပြကြသည်။ သို့ရာတွင် ယခုအခါ သူတို့အိမ်(တဲ)များမှ ထွက်ခွာခွင့်မရှိကြတော့ပါ။ ၎င်းသည် သူတို့ကျောင်းတက်ရောက်ခြင်းကို တားဆီးနိုင်သည်။ ဤအချက်သည် (အထက်တွင်ဖော်ပြထားသော) စခန်းများတွင် အပယူသီးမှု မြင့်မားလာခြင်းနှင့်လည်း သက်ဆိုင်နိုင်ဖွယ်ရာရှိသည်။ အချို့ အမေများသည် ၎င်းကို စိုးရိမ်စရာဟု တင်ပြထားသည်။ သူတို့သမီးများကို ကျောင်းသို့သွားရောက်စေလိုသည်။
- မွတ်စလင်မိဘများ နှင့် လူငယ်များသည် တက္ကသိုလ်တက်ရောက်နိုင်ရန် နှင့် ယခင်က တက်ရောက်ခွင့်မရရှိခဲ့သော ဘာသာရပ်များ (ဉပမာ ဉပဒေ၊ ဆေးပညာ နှင့် သိပ္ပံ) တက်ရောက်ခွင့်ရရှိရန် တက္ကသိုလ်ဝင်တန်းပညာရေး နှင့် အောင်လက်မှတ်ရရှိရေးအတွက် တူညီသောအခွင့်အရေးကို ပေးရန် တောင်းဆိုကြသည်။
- ရေတိုကာလတွင် နေရပ် ပြန်သွားရန်မှာ ရွေးချယ်စရာ မဟုတ်လျှင် (အများစုသည်လည်း ဖြစ်လာမည်ဟု မထင်ပါ) မွတ်စလင် IDPတို့သည် ပညာရေး ဝန်ဆောင်မှုများ တိုးချဲ့ပေးစေလိုသည်၊ အရည်အသွေးပိုကောင်းမွန်ပြီး နေရာနှင့်လည်း နီးကပ်အောင်ပြုလုပ်စေလိုသည်။
- သြဇာရှိ ရခိုင် ရပ်မိရပ်ဖများ(ရဟန်းများ၊ ဒေသခံ NGO၊ ရခိုင် အမျိုးသမီးများ အဖွဲ့)သည် မွတ်စလင် IDP စခန်းများ နှင့် မွတ်စလင် ရပ်ရွာများအတွက် ပညာရေး မြင့်တင်ပေးရေးကို အောက်ပါ အချက်သုံးချက်ကြောင့် ထောက်ခံသည်။ က) မွတ်စလင် လူစု၏ နစ်နာချက်ကို ထိန်းသိမ်းလျှော့ချပေးရန် (သူတို့ ပြန်လည်ထကြွလာခြင်း အန္တရာယ်ကို လျှော့ချရန်) ခ) မွတ်စလင် လူငယ်များကို ငြိမ်းအေးစေပြီး အစွန်းရောက်ဘာသာရေးဆရာများနှင့် အခြား လှုံ့ဆော်သူများ၏ လွှမ်းမိုးမှုမှ လျှော့ချရန် ဂ) အမျိုးသမီးများနှင့် မိန်းကလေးများကို (ရေရှည်တွင်) ပညာရေး ပေးခြင်းအားဖြင့် မွေးဖွားနှုန်းကို လျှော့ချရန်။ စသည်တို့အပေါ်တွင် ပညာရေး၏ ဆက်စပ်ပုံကို ထောက်ပြခဲ့ကြသည်။
- ခြုံငုံကြည့်လျှင် မွတ်စလင် IDP စခန်းများအတွက် ပညာရေး ဟာလပ်နေသည်၊ အထူးသဖြင့် မူလတန်းလွန် ကလေးငယ်များနှင့် လူငယ်လူရွယ်များအတွက်ပင် ဖြစ်သည်။ ဤကဲ့သို့ ဟာလပ်နေမှုကို မဖြေရှင်းဘဲ ချန်ထားပါက အခြား အကျိုးမပေးနိုင်သော ပညာရေး ပုံစံများဝင်ရောက်လာနိုင်ပြီး ထို လူငယ်အုပ်ကို ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ပါ။

## နိဂုံး

***ပညာရေး ကဏ္ဍသည် စီမံကိန်းရေးဆွဲရန် အတွက် ယူဆချက်များပြုလုပ်ရန် လိုအပ်ပြီး လူမျိုးချင်း ကင်းကွာနေမှု ပြဿနာကို ဗျူဟာကျ ကိုင်တွယ်ရန် လိုအပ်သည်*** (ထိုစဉ်တွင် ပြဿနာ ပိုမဆိုးလာစေရန်လည်းလိုအပ်သည်)။ မွတ်စလင် IDP စခန်းများသည် ရေတိုကာလအတွင်း (၂ နှစ်) ဆက်လက်တည်ရှိနေမည်ဟူသော ယူဆချက်အပေါ် မူတည်၍ ကျောင်းပညာရေးထောက်ပံ့ပေးရန် ဗျူဟာမြောက်သော ရွေးချယ်စရာများမှာ ကန့်သတ်မှုများရှိနေသည်။

- ယခုလက်ရှိပုံစံအတိုင်း အရေးပေါ်အခြေအနေကာလ ပညာရေးဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးရန်
- စခန်းများတွင် ကျောင်းပညာရေးတစ်ဝက်ပါသောပုံစံကို ကူပြောင်းရန် (သင်ရိုးညွှန်းတမ်းအကုန်မဟုတ်သေးပဲ ချဲ့ရှုံသာချဲ့ရန်။ အစိုးရကျောင်းစနစ်နှင့် ဆက်နွယ်နေသော်လည်း အစိုးရမှ ဖွင့်ခြင်းမဟုတ်။ အစိုးကျောင်းအဆင့် တစ်ဝက်မှီသော အောင်လက်မှတ်။ နိုင်ငံတကာထောက်ပံ့မှုပေါ်တွင် မူတည်နေသည်။)
- စခန်းများတွင် ကျောင်းပညာရေးစနစ် အဆင့်ထိအောင် ရောက်ရှိရန် ထောက်ပံ့ပေးရန်။ (သင်ရိုးညွှန်းတမ်းအပြည့်သင်ကြားရန်။ နိုင်ငံတကာမှထောက်ပံ့ပေးနေသော်လည်း အစိုးရမှဦးဆောင်ဖွင့်လှစ်ရန်။ အောင်လက်မှတ်အပြည့်ပေးပြီး အခြားပြင်ပ ပညာရေး ဌာနများနှင့်ပါချိတ်ဆက်ရန်။ ဥပမာ တက္ကသိုလ်များ)
- မည်သည့် ကျောင်းပညာရေးပုံစံမျိုးကိုမှ ထောက်ပံ့ခြင်းမပြုရန် (တာဝန်ကို အစိုးရဆီသို့ အပြည့်အဝ လွှဲပြောင်းပေးရန်)

*သို့မဟုတ်* ပြတ်သားပြီး သင့်လျော်သော ဗျူဟာ ကိုသုံးပြီး အထက်ပါနည်းလမ်းများကို ပေါင်းစည်း အသုံးပြုရန် (ကျောင်းပြင်ပ ပညာရေးအမျိုးမျိုးနှင့် ECCD တို့ကိုပါပေါင်း၍) (အစိုးရ၏ ပုံမှန်လုပ်ဆောင်နေသော နယ်ပယ်မှကျော်လွန်ပြီး။ သို့သော် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ထောက်ပံ့နိုင်ရန် အလားအလာဖြင့်)

အထက်ပါ နည်းလမ်းအားလုံး သည် အောက်ပါအချက်များအပေါ် သက်ရောက်မှုနှင့်ပက်သက်ပြီး သုံးသပ်ပြီးလုပ်ဆောင်ရမည်။ က) လူမျိုးချင်းကင်းကွာနေမှုကို ဆက်လက်ရှင်သန်နေခြင်း၊ ပိုမိုတိုးတက်ကောင်းမွန်စေခြင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ၎င်းတွင်ပါဝင်နေမှု။ ခ) အစိုးရ၏ တုံ့ပြန်ကူညီလိုစိတ်နှင့် စွမ်းရည်ကို ပံ့ပိုးခြင်း သို့မဟုတ် လျော့ချခြင်း။ ၎င်းကြောင့် အစိုးရနှင့် ရပ်ရွာ အကြားဆက်ဆံရေး အပေါ်သက်ရောက်မှု။ ဂ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရပ်ရွာများအကြား ဆက်ဆံရေး။ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုမှ အုပ်စု ရပ်ရွာအချင်းချင်း ဆက်ဆံရေးအပေါ် ရေရှည် သက်ရောက်မှု။

***ရခိုင်ပြည်နယ်တွင် လူမှု ပေါင်းစည်းညီညွတ်မှု (social cohesion) ပျက်ပြားနေပြီး လူမှုရေး ပဋိဉာဉ် (social contract) မကြံ့ခိုင်ပါ။*** သို့သော် မွတ်စလင် လူစု၏ ယခင် မူလဘဝကို ပြန်သွားရန် စိတ်အားထက်သန်မှုကို ကြည့်ခြင်းအားဖြင့် အနာဂတ်တွင် အစိုးရသည် ၎င်း၏ လူမှုရေး ပဋိဉာဉ်ကို ဖြည့်ဆီးပေးပါက ပြန်လည် ပြုပြင်ရန် အတွက်လွယ်ကူနိုင်လိမ့်မည်။ ခွဲခြားဆက်ဆံမှု မရှိသော အရည်အသွေးပြည့်မီသည့် ပညာရေး ဝန်ဆောင်မှုများကို ထောက်ပံပေးပါက ပညာရေးသည် ရေရှည်တွင် အုပ်စုနစ်ဖက်လုံး နှင့် လူမှုရေး ပဋိဉာဉ်ကို အဘက်ဘက်ပြန်လည်တည်ဆောက်ရန် အခန်းကဏ္ဍတစ်ခုမှပါဝင်နိုင်သည်။

- ***နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ရခိုင်များ၏ မယုံကြည်မှုသည် မြင့်မားနေသေးသည်။*** မွတ်စလင် IDP စခန်းများ၏ လိုအပ်ချက် အပေါ်မူတည်၍ တုံ့ပြန်မှုသည် နိုင်ငံတကာအဖွဲ့အစည်းများက မွတ်စလင် လူထုသက်သက်ကိုသာထောက်ပံ့ပေးနေပြီး ၎င်းကြောင့် အင်အားတိုးပွားလာစေသည်ဟူသော အမြင်ကို အားဖြည့်နေသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု၊ ဖွံ့ဖြိုးတိုးတက်ရေး

စီမံကိန်း နှင့် မည်သို့ ငွေကြေးထောက်ပံ့မှုရရှိခြင်းတို့ဖြင့် ပက်သက်ပြီး ရခိုင်လူထုအပေါ်ကို စစ်မှန်စွာနှင့် ပွင့်လင်းမြင်သာစွာ အချိန် နှင့် အင်အားစိုက်ထုတ်သင့်သည်။ ထို့ပြင် လူထုမှ ယုံကြည်မှုပျက်စေနိုင်မည့် လက်ခံမှုရအောင် အလွန်အကျွံ ကောင်းပြခြင်းမှ ရှောင်ကျဉ်သင့်ပါသည်။

- ***အရွယ်ရောက်စ ကလေးငယ်များနှင့် လူငယ်များသည် အန္တရာယ်ကျရောက်လွယ်ပြီး အကူအညီ အထူးလိုအပ်နေသည်။*** လူငယ်များသည် အလုပ်ကိုင်မဲ့ဖြစ်နေပြီး လောင်းကစားလုပ်နေကြသည်ကို မြင်ရသည်၊ ပြည့်တန်ဆာလုပ်ငန်းများသည်လည်း တိုးပွားလာကြောင်း ပြောကြားကြသည်၊ IDP နှင့် ရွာခံများအကြား ခိုက်ရန်ဖြစ်ပွားမှုများ အကြောင်းလည်း ကြားသိရသည်။ လူငယ်များအတွက် ကာကွယ်စောင့်ရှောက်မှု နည်းပါးပြီး စခန်းများအတွင်း လူမှု ပေါင်းစည်းညီညွတ်မှု နှင့် တည်ငြိမ်အေးချမ်းမှု ကို ထိပါးလာနိုင်၍ အစွန်းရောက်မှုအတွက် အလားအလာဖြစ်လာနိုင်သည်ကို ဤအခြေအနေသည် ဖော်ပြနေသည်။ ဤလက္ခဏာများသည် ရခိုင်လူငယ်များနှင့်လည်း သက်ဆိုင်ပြီး ၎င်းတို့သည်လည်း ပညာရေး ပံ့ပိုးကူညီမှုများကို လိုအပ်နေသည်။

- ***မွတ်စလင်အပိုင်းများတွင် IDP များနှင့် ရွာခံများအကြားတွင် ဆက်ဆံရေးတင်းမာနေကြသည်။*** ထို့အပြင် နောက်ထပ် အကြမ်းဖက် ပဋိပက္ခဖြစ်လာနိုင်သော အန္တရာယ်ရှိသည်။ ဘာသာရေး၊ ရိုးရာ နှင့် ဘာသာရေးတို့သည် မွတ်စလင် ရွာခံနှင့် IDP အကြား ဆက်စပ်ပေးသည့် အရာများဖြစ်သော်လည်း ထိန်းသိမ်းမရသော ယှဉ်ပြိုင်မှုများ တိုးပွားနေခြင်းသည် ၎င်း ဆက်စပ်မှုတို့ကို အားပျော့စေပြီး နိုင်ငံတကာ အကူအညီများက ၎င်းအကြားတွင် ကဏ္ဍတစ်ခုမှ ပါဝင်နေသည်။ ထို့အပြင် IDP အချင်းချင်းကြား ပြိုင်ဆိုင်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့သည်လည်း တိုးပွားနေသည်။ ရခိုင်ဒေသအသီးသီးမှလာပြီး စခန်းအတွင်း၌ အတူတကွနေထိုင်နေကြသော IDPများ အကြားတွင် ပုံမှန်ဖြစ်ပွားလေ့ရှိသည်။

## အကြံပြုချက်များ

*မဟာဗျူဟာ အကြံပြုချက်*

1) **နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပညာရေး အရင်းအမြစ်များကို သုံးပြီး ငြိမ်းချမ်းရေး နှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူဘောင်ကို အားကောင်းအောင်ပြုလုပ်ပြီး အုတ်မြစ်ချပါ။** လက်ရှိအခြေအနေတွင် လူမျိုးကင်းကွာမှုနှင့် ရခိုင်နှင့် မွတ်စလင်အကြား မယုံကြည်မှု မြင့်မားခြင်းသည် တိုက်ရိုက် ယုံကြည်မှုတည်ဆောက်ခြင်း (အုပ်စုနှစ်စုအကြားရှိသော ဆက်ဆံရေး 'bridging social capital'[14] အပေါ်ကို တည်ဆောက်ရန် အပိုင်း) ဖြင့်ဖြေရှင်းမှုကို မဖြစ်နိုင်စေပါ။ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပညာရေး ကဏ္ဍမှ စီမံကိန်းများသည် နောက်ပိုင်း ပို၍ တိုက်ရိုက် ရည်ညွှန်းသော ဖြေရှင်းမှုများဖြစ်သည့် အစိုးရ ကျောင်းလုပ်ငန်းများနှင့် ကျောင်းပြင်ပပညာရေး၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ကဲ့သို့ အစိုးရမဟုတ်သော ပညာရေး ထောက်ပံ့ခြင်းများအတွက် မူဘောင်တည်ဆောက်ရေး နှင့် အုတ်မြစ်ချခြင်းကို ထောက်ပံ့ပေးနိုင်သည်။ ၎င်းတို့အားလုံးသည် အုပ်စုနှစ်စု အသီးသီးအတွင်းရှိ ဆက်ဆံရေး 'bonding social capital'[15] အပိုင်းကို အားကောင်းလာစေမည့် အလားအလာရှိသည်။

*၎င်းကို ဤသို့ပြုလုပ်နိုင်သည်*

- မွတ်စလင် IDP စခန်းများသို့ ကျောင်းပညာရေး ထောက်ပံ့ပေးရန်ဖြစ်သော ၎င်း၏ တာဝန်အပေါ် နိုင်ငံတော် အစိုးရအား အပြင်းအထန် တိုက်တွန်းပါ -- အထူးသဖြင့် ပိုမိုမြင်သာသည့် အစိတ်အပိုင်းများဖြစ်သည့် - ကျောင်းအဆောက်အအုံများ (ယာယီစာသင်ကြားရေးနေရာ သို့မဟုတ် ထပ်မံပြုပြင်မွန်းမံ့နိုင်သော အဆောက်အအုံ)၊ ဆရာ/မ အသစ်စုဆောင်းမှု၊ သင်ထောက်ကူပြုပစ္စည်းများ နှင့် ဖတ်စာအုပ်များ။ ဆိုလိုသည်မှာ နိုင်ငံတကာအဖွဲ့အစည်းများသည် ကျောင်းပညာရေးအတွက် ပစ္စည်းထောက်ပံ့ခြင်းအပိုင်းမှ ဖယ်ထွက်၍ အစိုးရ၏ ကဏ္ဍကို ထင်ရှားလာအောင်ပြုလုပ်ပေးပါ။
- နိုင်ငံတကာ အဖွဲ့အစည်းများ၏ အရင်းအမြစ်နှင့် ကျွမ်းကျင်မှုဖြင့် အစိုးရ ဝန်ဆောင်မှုများကို အရည်အသွေးကို မြင့်တင်ရန်အတွက် ပြန်လည် အာရုံစိုက်ပါ (ဤသို့ပြုလုပ်ခြင်းအားဖြင့် အစိုးရ ပံပိုးမှု၏ တန်ဖိုးကို မြင့်တင်ပေးသည်)။ ထို့နောက် အနာဂတ်ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အုတ်မြစ်ချနိုင်သည့် အေးချမ်းမှုသဘောဆောင်သော အခြား ပညာရေး ဝန်ဆောင်မှုများ ထောက်ပံ့ပါ။ (အစိုးရလုပ်လေ့လုပ်ထ မရှိသော သို့မဟုတ် အားနည်းသော အပိုင်းများ - ဥပမာ NFE နှင့် ECCD).

2) စီးပွားရေး တိုးတက်မှု နှင့် **သက်မွေးဝမ်းကျောင်းကို ဆက်စပ်ပြီး အထောက်အကူပြုနိုင်မည့် ပညာရေး စီမံကိန်းများ ထောက်ပံ့ပေးပါ။** သက်မွေးဝမ်းကျောင်းသည် အုပ်စုနှစ်စုအကြား ပြန်လည် ဆက်ဆံမှုပြုလုပ်လာရန်အတွက်

[14] 'Bridging social capital': မတူညီသော လူမှုအဖွဲ့အမျိုးမျိုးအကြား တွေ့ကြုံခံစားမှု နှင့် ဆက်သွယ်မှုတို့အပေါ် မူတည်၍ ပေါ်ပေါက်လာသည့် ယုံကြည်မှုစိတ်. လူမျိုးပေါင်းစုံလေလေ bridging social capital ပိုတိုးတက်လေလေဖြစ်သည်။

[15] 'Bonding social capital': တူညီသော/ဆင်တူသော (လူမျိုး၊ ဘာသာ၊ စကား) လူမှုအဖွဲ့အတွင်း၌ရှိသော လူများခံစားရသည့် ပေါင်းစည်းမှုစိတ်ဓာတ်/အနှောင်အဖွဲ့

စစ်မှန်ပြီး လုပ်ကြံဖန်တီးထားခြင်းမရှိသော အခွင့်အရေးများကို ပေးနိုင်သည့် အလားအလာအရှိဆုံး အပိုင်းဖြစ်သည်။ (လိုအပ်ချက်နှင့် အကျိုးအမြတ်ကြောင့် အချို့နေရာများတွင် ဖြစ်နေပြီဖြစ်သည်)။ ရေတို နှင့် ရေရှည်တွင် ပညာရေးသည် လူ့စိတ်ဓာတ် နှင့် အပြုအမူကို (အရွယ်ရွယ် အသီးသီးစီအလိုက် ရည်ရွယ်သော ကျောင်း နှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များမှတလျှောက်) ပြောင်းလဲပေးနိုင်သော အလားအလာအရှိဆုံး ကဏ္ဍတစ်ခုဟုဆိုနိုင်သလို တပြိုင်နက်ထဲပင် အနာဂတ် စီးပွားရေး ဖွံ့ဖြိုးမှုကို တည်ဆောက်ရမည့် အုတ်မြစ်ဖြစ်သော လူ့အရင်းအမြစ် ကိုလည်းတိုးတက်စေမည်။

3) **ရေရှည် (ဖွံ့ဖြိုးတိုးတက်မှု) အတွက် စဉ်းစားပြီး အစီအစဉ်ဆွဲပါ သို့သော် လက်ရှိအခြေအနေ အတွက်လည်းဆောင်ရွက်ပါ (လူသားချင်းစာနာမှုဆိုင်ရာ တုန့်ပြန်မှု)။** ငြိမ်းချမ်းရေးတည်ဆောက်ခြင်း နှင့် ပြန်လည်သင့်မြတ်မှုသည် မျက်နှာချင်းဆိုင် လက်ဆွဲနှုတ်ဆက်ခြင်းကို မဆိုလိုပါ။ တိုက်ရိုက်တွေ့ဆုံ ပြောဆိုခြင်းသည် မှန်ကန်သောအချိန်မှသာ လျှင် ဖြစ်နိုင်သည်၊ ဖြစ်သင့်သည်။ အနည်းဆုံး ရပ်ရွာအဆင့်တွင်ပင် ၎င်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလမ်းကြောင်း၏ အဝေးတစ်နေရာတွင် ရှိသေးသည်။ အချိန်မတိုင်မီ ပြန်လည်သင့်မြတ်ရေး ကျိုးပမ်းမှုများသည် မအောင်မြင်နိုင်ပါ။ ထို့အပြင် အမြင်လွဲသွားစေပြီး ၎င်းရည်ရွယ်ချက်အား ခုခံခြင်းကို အားကောင်းလာစေနိုင်သည်။

အဆင့်အများကြီးပါဝင်ပြီး ရှုပ်ထွေးသည့် ယုံကြည်မှုတည်ဆောက်ခြင်း၊ ဌာနဆိုင်ရာများကို အားကောင်းစေခြင်း၊ ဒေသခံများကို ငြိမ်းချမ်းရေးအတွက် စွမ်းရည်မြင့်တင်ပေးခြင်းတို့သည် ရေရှည်တွင် တစိုက်မတ်မတ်လုပ်ဆောင်မှု နှင့် ငွေကြေးထောက်ပံ့မှုလိုအပ်သည်။ အရေးပေါ် လူသားချင်းစာနာမှု စီမံကိန်းများ သီးသန့်နှင့် မသင့်တော်ပါ။ ယခုဖော်ပြထားသော နည်းဗျူဟာ နှင့် စီမံကိန်း အကြံပြုချက်များသည် လက်ရှိ ရရှိနိုင်သော လူသားချင်းစာနာမှု ယန္တယားနှင့် စွမ်းဆောင်ရည်တို့ဖြင့် မည်သည်ကိုပြုလုပ်နိုင်သည်ထက် မည်သည့်ကိုလိုအပ်သည်ကို အာရုံစိုက်ထားသည်။ သို့သော် ရခိုင်ဒေသအတွက် ပညာရေးလုပ်ငန်း လက်ရှိ လုပ်ကိုင်နေသော အဖွဲ့အစည်းများ၏ နှစ်မျိုးလုံး လုပ်ပိုင်ခွင့်ရှိသည့်အလျှောက် ရန်ပုံငွေထောက်ပံ့မှု ရရှိလာပါက ရေတို အရေးပေါ်အခြေအနေကာလ ပညာရေးမှ ရေရှည် အရည်အသွေးဆိုင်ရာ ပညာရေးထောက်ပံ့မှု (NFE နှင့် ECCD)သို့ ပြောင်းလဲလုပ် ကိုင်ရန် အခက်အခဲရှိမည် မဟုတ်ပါ -- လူသားချင်းစာနာမှု ရန်ပုံငွေဖြင့် (အုပ်စုနှစ်ဖက်လုံးမှ လူငယ်များကိုအာရုံစိုက်၍) ပဋိပက္ခစီမံခန့်ခွဲမှုအတွက် လုပ်ကိုင်သလို ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေဖြင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးကို တပြိုင်နက်ထဲ လိုတိုးပိုလျှော့ပြုလုပ်ပြီး စတင်ထောက်ပံ့ပေးရန်။

ဤကဲ့သို့ ရေတိုထိန်းသိမ်းမှု နှင့် ရေရှည်ပြောင်းလဲမှုတို့ကို ပူးပေါင်းလုပ်ကိုင်ခြင်းအပြင် ပညာရေးကိုအသုံးပြုပြီး ရပ်ရွာအချင်းချင်း၏ ဆက်ဆံရေးကို စောစွာ ပြန်လည်ထူထောင်၍ ရနိုင်မည့်နေရာများ၌ အခွင့်အလမ်းများ ရှိကောင်းရှိနိုင်မည်။ ၎င်းတို့သည် နည်းပါးမည်ဖြစ်သော်လည်း ရရှိလာပါက လက်မလွှတ်သင့်ပါ (ပဋိပက္ခဖြစ်လွယ်မှု အပေါ်တွင်တော့ သတိထားရမည်ဖြစ်သည်)။

4) **ရခိုင်လူထုအတွက် အထောက်အပံ့များကို ထပ်တိုးပေးပါ။** အောက်ပါတို့အတွက် အရေးပါပါသည်။ က) မွတ်စလင်တို့အပေါ် ဘက်လိုက်သည်ဟူသောအမြင်ကို ပပျောက်စေရန် နှင့် လုပ်ငန်းလုပ်ပိုင်ခွင့် နှင့် ပေးဝေမှု

ကိုလွယ်ကူစေရေးအတွက် လက်ခံမှုရရှိလာစေရန်။ ခ) ပဋိပက္ခကြောင့် တိုက်ရိုက်သော်လည်းကောင်း အခြားနည်းနှင့်သော်လည်းကောင်း ပိုဆိုးလာသော်လည်း သတိမပြုပဲ လျစ်လျူရှုထားသည့် ပညာရေးလိုအပ်ချက်များကို ဖြေရှင်းပေးရန်။ c) ရေတိုကော ရေရှည်အတွက်ပါ ငြိမ်းချမ်းရေးကို အထောက်အကူပြုရန် နှင့် ရခိုင်တဒေသလုံး ပညာရေး တိုးတက်ဖွံ့ဖြိုးလာစေရန် -- အကြမ်းဖက်မှု နှင့် အစွန်းရောက်မှုကို ထိန်းသိမ်းသော အနေနှင့်သော်လည်းကောင်း -- လူထုနှစ်ခု အကြား ဆက်စပ်ပေးသောအရာ အလားအလာဖြင့်သော်လည်းကောင်း -- လူမှုနှင့် လူ့အရင်းအမြစ်တိုးတက်လာစေသော အရာအနေနှင့်သော်လည်းကောင်း (ပြည်နယ်တစ်ခုလုံး အနေနှင့် ရေရှည် တိုးတက်ဖွံ့ဖြိုးရေးအတွက် မုချလိုအပ်သည်။)

5) **ကူညီထောက်ပံ့မှုများ (ပညာရေး အပါအဝင်)ကို အသုံးပြုပြီး မွတ်စလင် IDPများ နှင့် မွတ်စလင် ရွာခံများအကြား ဆက်ဆံရေးခိုင်မာလာအောင် ပြုလုပ်ပေးပါ။** အဓမ္မ စခန်းကူးပြောင်းရခြင်း နှင့် သွားလာမှုကိုပိတ်ပင်ထားသော အခြေအနေတွင် ပြိုင်ဆိုင်မှု အနည်းနှင့်အများ ရှိနေသည်ကို ရှောင်လွှဲ၍မရသော်လည်း ရိက္ခာအရင်းအမြစ်များပေးမှုကြောင့် မွတ်စလင် IDPများ နှင့် မွတ်စလင် ရွာခံများအကြား ပဋိပက္ခ မဖြစ်လာစေရန် သတိကြီးစွာဖြင့်လုပ်ကိုင်ရန် လိုအပ်သည်။ ပညာရေးအတွက် ထောက်ပံ့ပေးခြင်းသည်လည်း ကဏ္ဍတစ်ခုမှပါနိုင်သည်။ (မွတ်စလင် IDP စခန်းများကပ်လျှက်ရှိသော) မွတ်စလင်ရွာခံများရှိ အချို့အစိုးရကျောင်းများ၌ ကျောင်းပညာရေးကို (ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်နှင့်လည်းအညီ) ပြန်လည်စတင်နေခြင်းသည် အသစ် ဆောက်လုပ်ထားသော ယာယီ ကျောင်းများကို အစိုးရအသိအမှတ်ပြု တရားဝင်ကျောင်းများအဖြစ် ချိတ်ဆက်ရန်အခွင့်အလမ်းဖြစ်သည်။ ဤသို့ တရားဝင်ပြုလုပ်ခြင်းကို သင့်တော်ပါက စည်းရုံးလှုံ့ဆော်ဆွဲဆောင်မှု (Advocacy) ဗျူဟာတွင် ထည့်သွင်းသင့်သည်။

***စီမံကိန်း အကြံပြုချက်***

1. **ရခိုင်ကော မွတ်စလင်အတွက်ပါ အရည်အသွေးကိုဦးတည်သည့် 'မူလတန်း ကျောင်းပညာရေးကို' အာရုံစိုက်ပါ။** အကယ်၍ နိုင်ငံတကာအဖွဲ့အစည်းများသည် စခန်းများ၌ ပစ္စည်းပုံစံ ထောက်ပံခြင်းကိုမပြုတော့ပဲ အရည်အသွေးပိုင်းကို ဦးတည်သည့် ထောက်ပံ့မှုမျိုးကို အာရုံစိုက်မည်ဆိုပါက -- က) နှစ်ဖက်လုံးအတွက် ဆရာ/မများကို ပြန်လည် လေ့ကျင်းပေးခြင်းဖြင့် ၎င်းတို့သည် ကျောင်းများတွင် ခွဲခြားဆက်ဆံမှုမရှိသော အလေ့အကျင့်ရှိစေရန်။ သည်းခံစိတ်၊ ပူးပေါင်းဆောင်ရွက်လိုစိတ် ကဲ့သို့သော အကောင်းမြင်သည့် တန်ဖိုးများပြသရန် နှင့် အထွေထွေ အတတ်ပညာဆိုင်ရာ တိုးတက်မှုအတွက်ပြသပေးရန်။ ခ) (အကဲဖြတ်စစ်ဆေးမှု၏ ရလဒ် အရ နှင့် ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း) စာပေတတ်မြောက်ရေး အစီအစဉ် ထောက်ပံ့မှု (မွတ်စလင်လူထု၏ မြန်မာဘာသာစကား ကျွမ်းကျင်မှု တိုးတက်လိုသော ဆန္ဒ)။ နိုင်ငံတကာအဖွဲ့များသည် စခန်းများတွင် စာပေတတ်မြောက်မှု မြင့်တင်ရေး လုပ်များကို ပြုလုပ်နိုင်သည်။ လိုအပ်ပါက ရခိုင်များအတွက်လည်း ပြုလုပ်နိုင်သည်။ ဂ) မိဘ-ဆရာအစည်းအရုံးများ တည်ထောင်ခြင်း နှင့် စွမ်းရည်မြင့်တင်ခြင်း – မိဘများအတွက် သူတို့၏ အမြင်များကို ပညာရေးတွင်ပါဝင်ပြောဆိုလာနိုင်ရန် အခွင့်အလမ်းပေးပြီး ကျောင်းတွင်းအားပေးသော အကောင်းမြင် တန်ဖိုးများနှင့် အပြုအမူများတွင်လည်း ရပ်ရွာမှ ပါဝင်ပက်သက်မှု ရလာနိုင်မည်ဖြစ်သည်။ ဤအကြံပြုချက်၏ ယေဘုယျ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်ရှိ အုပ်စုနှစ်စုလုံးတွင် 'ကျောင်းပတ်ဝန်းကျင်' "School climate" မြင့်တင်ပေးရန်ဖြစ်သည်။ လူမှု ပေါင်းစည်းညီညွတ်မှုအတွက် ပညာရေးမှ ပါဝင်မှုတစ်မျိုးဖြစ်သည်။

2. **ရပ်ရွာနှစ်ဖက်လုံးအတွက် လူငယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး (Education for Youth Empowerment -EYE) အစီအစဉ်များကို (မူလွန်ကလေးများအတွက်) ထူထောင်ပေးပါ။** မူလတန်းပြီးထားသော လူငယ်အရွယ်များအတွက် ဆက်လက်သင်ကြားရန် ကျောင်းပညာရေး အခွင့်အလန်းမရှိခြင်းသည် ရခိုင်တစ်ပြည်နယ်လုံး၏ ပညာရေး ကဏ္ဍ အနာဂတ် အတွက် ဗျူဟာရေးဆွဲရာတွင် အရေးပါသော အစိတ်အပိုင်းဖြစ်နေသည်။ မိန်းကလေးများ သည် လက်ရှိပညာရေး အခွင့်အလမ်းများကို ဆုံးရှုံးနိုင်သည့်အလျောက် ပညာရေးတွင် ပါဝင်နိုင်ရေးကို မြင့်တင်ရန်သည်လည်း အရေးကြီးပါသည်။ အမျိုးသမီးများသည် ရပ်ရွာတိုင်းတွင် အပြုအမူ နှင့် စိတ်ဓာတ်ကိုပြုပြင်ပြောင်းလဲရာတွင် အရေးပါသောသူများ ဖြစ်သည့်အတွက် ၎င်းတို့၏ ပညာရေးသည်လည်းအရေးပါ ပါသည်။

   a) **Accelerated Learning Programmes (အရှိန်မြင့် သင်ကြားရေး စီမံကိန်း)** (အစိုးရ အသိအမှတ်ပြု) မူလတန်း နှင့် အလယ်တန်း တစ်ပိုင်းတစ်စ သို့မဟုတ် အကုန်လုံး မတက်ရောက်ခဲ့ရသော ကလေးများအတွက် (NFPE - non-formal primary education - ကျောင်းမဟုတ်သော မူလတန်းပညာရေး).
   b) **Basic and functional literacy (အခြေခံ အသုံးဝင် စာတတ်မြောက်ရေး):** လူငယ်များသည် မြန်မာဘာသာတွင် အရေးအဖတ်နှင့် အတွက်အချက် အခြေခံအဆင့်တတ်မြောက်ရရှိစေရန် သေချာစေမည်။

c) **Life-skills NFE:** လူငယ်များအတွက် လူ့အခွင့်အရေး အပါအဝင် သူတို့နေထိုင်သော ပတ်ဝန်းကျင်ကို နားလည်သဘောပေါက်ပြီး အန္တရာယ်များမှရှောင်ရှား၍ ရှင်သန်သွားလာနိုင်ရန်။ ၎င်းကို လိင် နှင့် မျိုးဆက်ပွား ကျန်းမာရေး ပညာပေး ပြုလုပ်ရန် အနေနှင့်လည်း အသုံးပြုနိုင်ပါသည်။

d) **Business development skills (စီးပွားတိုးတက်မှု ပညာ):** basic skills (စာဖတ်တတ်မြောက်ပြီးနောက်) စီပွားရေး အငယ်စားတစ်ခု ပြုလုပ်နိုင်ရန် အခြေခံပညာရပ်များ - ငွေကြေးတွက်ချက် သုံးစွဲမှုအသိ (financial literacy), ဈေးကွက် စိစစ်ခွဲခြားမှု (market analysis), စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု (business development), ငွေစာရင်းပြုလုပ်ခြင်း နှင့် စုဆောင်းခြင်း (budgeting and saving) - (ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်နှင့်အတိုင်း) အစိုးရ၏ အသေးစားငွေကြေးဝန်ဆောင်မှု (micro-credit schemes) နှင့်ချိတ်ဆက်၍သော်လည်းကောင်း အခြား အဖွဲ့အစည်းများ၏ သက်မွေးဝမ်းကျောင်း အသေးစားငွေကြေးဝန်ဆောင်မှုနှင့် ချိတ်ဆက်၍သော်လည်းကောင်း

e) **Vocational training (သက်မွေးဝမ်းကျောင်း ပညာရပ်):** ဈေးကွက်လိုအပ်ချက် နှင့် ရပ်ရွာဦးစားပေးမှု အပေါ်မူတည်ပြီး – ဒေသ စီးပွားရေးလုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများ၏ သက်မွေးဝမ်းကျောင်း အစီအစဉ်များ နှင့် ဖြစ်နိုင်လျှင် အစိုးရဦးဆောင်သော စီမံကိန်းများဖြင့် ချိတ်ဆက်ပြီး

3. **ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေး (Early Childhood Care and Development - ECCD) စီမံကိန်းများ ရပ်ရွာ နှစ်ဖက်လုံးအတွက် တည်ထောင်ပါ။** ECCD သည် မိဘများ (အထူးသဖြင့် အမေများ) ကို သက်မွေးဝမ်းကျောင်းဆိုင် အကျိုးအမြတ်များရစေသော အခြားအလုပ်များလုပ်နိုင်ရန် အချိန်ပိုပေးသည်[16] ။. ECCDသည် ကလေးများဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးအမြတ်များပေးစေသည့်အပြင် ၎င်းသည် ကလေးများငယ်စဉ်အရွယ်တွင်ပင် အကြမ်းမဖက်သော အပြုအမူများ ပြုမူစေသည့် အတွက် လူငယ်အကြမ်းဖက်မှုများ[17] တားဆီးနိုင်သည်။ (အချို့လေ့လာချက်အရ မိဘများပါ ဤသို့ပြုမူလာသည်။ ခြုံငုံကြည့်လျှင် ၎င်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် လူမှု ပေါင်းစည်းညီညွတ်မှုကို ရေရှည်တွင် ဖြည့်တည်းပေးနိုင်သည့် စွမ်းရည်ရှိသည်။ ကလေးများသည် ၎င်း ဝန်ဆောင်မှုများတွင် ပါဝင်နေစဉ် မိဘများအား အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေရန် အချိန်အားစေသည့် အပြင် ECCD ဝန်ဆောင်မှုများမှ အမေ(မိဘ)များအတွက် မိဘအုပ်ထိန်းမှု ပညာရေး (parenting education) ကို ထောက်ပံ့ပေးလို့ရပြီး အောက်ဖော်ပြပါ (အမှတ်စဉ် ၄) မှ လုပ်ငန်းများတွင်လည်းပါဝင်နိုင်ရန် အချိန်ရစေမည်။

4. အထက်ဖော်ပြပါလုပ်ငန်များ (အရည်အသွေးကိုဦးတည်သည့် 'ကျောင်းပညာရေး', လူငယ်လူရွယ်များအတွက် အစီအစဉ်များ, ECCD) အတွင်း **ငြိမ်းချမ်းရေး ပညာရေး (Peace Education)၊ မီဒီယာ စာတတ်မြောက်မှု (Media Literacy) နှင့် တန်ပြန်-ဆက်သွယ်ရေး ဗျူဟာများ (counter-communication strategy) ထည့်သွင်းပါ** --

[16] Save the Children (2011) 'Added value! A study of the impact of ECCD on household incomes and livelihood opportunities', Marketing Research & Development Co. Ltd, Myanmar.

[17] Tremblay, R. Gervais J. & Petitclerc, A. (2008) 'Early learning prevents youth violence', Centre of Excellence for Early Childhood Development, Canada.

ဆန်းစစ်ဝေဖန်သော တွေးတောမှု (critical thinking) တိုးတက်လာစေရန်၊ အခြေအမြစ်မရှိသော အစွဲအလမ်းများအပေါ် စစ်ဆေးမေးမြန်းခြင်း၊ သည်းခံခွင့်လွှတ်မှု မြင့်တင်ခြင်း၊ ကောလာဟလ ပြန့်လွင့်မှု အပေါ်တွင် ခုခံနိုင်စွမ်း စသည်တို့ကို (လူငယ်များကို ဦးစားပေးပြီး) ရည်ရွယ်၍ထည့်သွင်းပါ။

a) **Peace Education (ငြိမ်းချမ်းရေး ပညာရေး)** – ငြိမ်းချမ်းရေး ပညာရေး၏ အဓိကချ၍ ဆက်စပ်ပြီး လိုက်လျောညီထွေသော အပိုင်းများကို သီးခြား ဘာသာရပ်နေဖြင့်သော်လည်းကောင်း အခြားသင်ရိုးညွှန်းတမ်းများ၏ အကြောင်းအရာများတွင် အဓိကအချက်များကို ထည့်သွင်း၍သော်လည်းကောင်း အထက်ဖော်ပြပါ NFE ကူညီထောက်ပံ့မှုများတွင် ပါဝင်သင့်သည်။
b) **Media Literacy (မီဒီယာ စာတတ်မြောက်မှု )** - ထိတွေ့ရသော သတင်းအချက်အလက် နှင့် မီဒီယာအပေါ်တွင် ပိုမိုကောင်းမွန်စွာ ခွဲခြားနိုင်ရန် အချက်အလက် ဇာစ်မြစ်ကို ဆန်းစစ်ဝေဖန်နိုင်သောကြောင့် လူငယ်များသည် သူတို့၏ အပြုအမူများအတွက် ဆုံးဖြတ်ချက်ကောင်းကောင်းချနိုင်မည်။
c) **Counter-communication strategies (တန်ပြန်-ဆက်သွယ်ရေး ဗျူဟာများ)** – ကောလဟာလနှင့် ကြောက်လန့်စိတ် လှုံ့ဆော်မှု ပေါ်များနေသော အခြေအနေမျိုးအတွက် မုချလိုအပ်နေသည်။ (Roos အစီအရင်ခံစာမှ အကြံပေးချက်အတိုင်း, ၂၀၁၃, စာမျက်နှာ ၂၆) ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီအရင်ခံစာမှ အကြံပေးသော တီဗီ နှင့် ရေဒီယို 'လူထု ပညာရေး' ဝါဒဖြန့်ခြင်းအား တန်ပြန် လှုပ်ရှားမှုကို အသုံးပြုခြင်းနှင့်လည်း ဆက်စပ်သည်။

### *ဒေသ ပထဝီ အနေအထားရ အကြံပြုချက်များ*

**သီးခြားဖြစ်နေသော ဒေသများ နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း (nRS)**

ဤ အကဲဖြတ်လေ့လာချက်၊ တွေ့ရှိချက် နှင့် ရရှိလာသော အကြံပြုချက်များသည် စစ်တွေနှင့် ပေါက်တောမြို့နယ်များရှိ IDP များမှကောက်ယူခဲ့သော အချက်အလက်များအပေါ် အခြေခံထားသော်လည်း ဤအစီရင်ခံစာရှိ အကြံပြုချက်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းအပါအဝင် အခြားဒေသများအတွက်ပါ အကျုံးဝင်ပါသည်။ ပဋိပက္ခကို ထိန်းသိမ်းနိုင်မှု၊ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခြင်းကို အားပေးမှု၊ လူမှုရေး ပဋိဉာဉ် (social contract) နှင့် လူမှု ပေါင်းစည်းညီညွတ်မှု (social cohesion) ကို ပြန်လည်တည်ဆောက်မှု စသည်တို့ကို တင်ပြပါလုပ်ငန်းများမှ ပေးစွမ်းနိုင်သောကြောင့် ၎င်းတို့သည် အကြမ်းဖက်မှုကို ထိခိုက် မခံစားခဲ့ရသော/မခံစားရသေးသော ဒေသများအတွက်ပါ တူညီစွာ အသုံးဝင်ပါသည်။ ဤလျစ်လျူရှုခံထားရသော ဒေများတွင် (ပြုလုပ်ရန်လိုအပ်မည့်) ပညာရေး နှင့် ပဋိပက္ခ အကဲဖြတ်လေ့လာမှုမှ ပေါ်ထွက်လာနိုင်သည့် နေရာဒေသအလိုက် လိုအပ်ချက် နှင့် အခြေအနေပေါ် မူတည်ပြီး ၎င်းလုပ်ငန်းများကို ပြုလုပ်ရန်တော့လိုအပ်ပါသည်။

### *တိုက်တွန်းနှိုးဆော်မှုနှင့်ဆိုင်သော အကြံပြုချက်များ*

ရခိုင်ပြည်နယ်အတွက် မဟာဗျူဟာ နှင့် စီမံကိန်း ရွေးချယ်စရာအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်သော နိုင်ငံရေး နှင့် အလှူရှင် ထောက်ပံ့မှုတို့ကို သိမ်းသွင်းစည်းရုံးရန် အဆင့်အမျိုးမျိုးပါဝင်သော စည်းရုံးလှုံ့ဆော်မှု ဗျူဟာတစ်ခုအား လိုအပ်ပါသည်။

တင်ပြပါ အကြံပြုချက်များအပေါ် မူတည်ပြီး အောက်ပါ စည်းရုံးလှုံ့ဆော်မှု အချက်များပါဝင်နိုင်ပါသည်။

### *မြန်မာ နိုင်ငံတော် အစိုးရအား တိုက်တွန်းနှိုးဆော်ရန်*

1. **မွတ်စလင် IDPများ အတွက် ရှင်းလင်းတိကျသော ပညာရေး အစီအစဉ်တစ်ခုပေးပါ။** (လက်ရှိမစတင်ရသေးသော ၎င်းတို့၏ ဒုက္ခသည်စခန်းများအတွက် အထွေထွေ ဗျူဟာ နှင့် အစီအစဉ်ဖြင့် အညီ။) ခွဲခြားဆက်ဆံမှုမရှိပဲ အေးချမ်းသော ယှဉ်တွဲနေနိုင်ရေး အပေါ်မူတည်ပြီး ကလေး နှင့် လူငယ်များအားလုံးအတွက် တန်းတူညီမျှ အရည်အသွေးပြည့်မှီသော ပညာရေးထောက်ပံပေးခြင်း။
2. **IDP ပညာရေးအတွက် အဓိက တာဝန်ရှိသူများအနေဖြင့် ဘဏ္ဍာထောက်ပံ့မှု နှင့် ဦးဆောင်မှုပြုလုပ်ရန်** (အထက်ဖော်ပြပါ အစီအစဉ် ရှိရှိမရှိရှိ), အထူးသဖြင့် မူလတန်းအဆင့်နှင့် သိသာမြင်တွေ့နိုင်သော အပိုင်းများ -- အဆောက်အအုံ၊ ဆရာ/မ ခေါ်ယူခြင်း၊ လေ့ကျင့်ပေးခြင်း နှင့် လစာထောက်ပံ့ပေးခြင်း။ ၎င်းသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရန်ပုံငွေ နှင့် အကူအညီများကို အရည်အသွေး နှင့် နည်းပညာပိုင်းဆိုင်ရာ အပိုင်းများတွင် အာရုံစိုက်၍ရနိုင်မည်။ ပဋိပက္ခ မတိုင်မီ အချိန်က လျာထားသော မွတ်စလင်ကလေးများအတွက် ပညာရေး ဘဏ္ဍာငွေကို ထောက်ပြခြင်းအားဖြင့် ရေတိုအတွက် ထိရောက်စွာ လှုံ့ဆော်ရန် ဗျူဟာတစ်ခုဖြစ်သည်။
3. **နိုင်ငံတကာ အဖွဲ့အစည်းများလေ့ကျင့်သင်ကြားပေးလိုက်သော မွတ်စလင် စေတနာ့ဝန်ထမ်း ဆရာ/မများကို တရားဝင်အသိအမှတ်ပြုရန်၊** မွတ်စလင် ဆရာ/မများအား တရားဝင်အသိအမှတ်ပြုစေမည့် ရေရှည် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်တစ်ခုအနေဖြင့်ပြုလုပ်ရန်။ ဤသည်မှာ အစိုးရမှ IDPပညာရေးအတွက်

၎င်းတို့၏ တာဝန်ပိုမိုယူနိုင်ရေး နှင့် ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာမှ မွတ်စလင် ဆရာ/မများပိုမိုလိုအပ်မှုကို ထောက်ပြထားသည့်အတိုင်းဖြစ်ပြီး စခန်းများ ရှိသေးသော်လည်း မရှိတော့သော်လည်းကောင်း အကျုံးဝင်သည်။ ဤလုပ်ငန်း၏ အရေးပါသောအပိုင်းတစ်ခုမှာ ဆရာ/မများ စောင့်ကြည့်မှုနှင့် ထောက်ပံ့မှုတို့တွင် အစိုးရပါဝင်လာမှုကို မြင့်တင်ပေးရန်ဖြစ်သည်။

4. **မွတ်စလင် ရွာခံကျောင်းများတွင် အတန်းပညာရေးများကို ပြန်လည်စတင်ပါ။** (မွတ်စလင် IDP စခန်းရှိသောနေရာမှ ရွာများအပါအဝင်) အတတ်နိုင်ဆုံး အမြန်ဖွင့်လှစ်ရန်။ ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များနှင့် အညီ။ တရားဝင် စာမေးပွဲများပြန်လည်စတင်ခြင်းများ အပါအဝင်။ ၎င်းအစိုးရကျောင်းများသည် ယာယီကျောင်းအသစ်များကို တရားဝင်ဖြစ်လာစေရန်အတွက် စီမံခန့်ခွဲရေး နေရာများဖြစ်လာနိုင်ရန် အလားအလာရှိသည် (ယာယီကျောင်းအသစ်များကို တရားဝင်သတ်မှတ်မည့် ပေါ်လစီ ကျင့်သုံးမည်ဆိုပါက)။
5. (မြန်မာ နှင့် သင်္ချာ) နစ်ဘာသာတည်းသာ ယာယီ သင်ကြားရေးနေရာများတွင် အရေးပေါ်အခြေအနေကာလ ပညာရေးဖြင့် သင်ကြားနေရသော **IDP ကလေးများအတွက် စာမေးပွဲ နှင့် အောင်လက်မှတ် အစီအစဉ်များ**ကို အတတ်နိုင်ဆုံး အမြန် ပြုလုပ်ပါ -- ၂၀၁၄ ပညာသင်နှစ်အတွက် ပြုလုပ်နိုင်ရန်လိုအပ်သည်။
6. **ပညာရေးအတွက် ရည်ရွယ်၍တည်ဆောက်ထားသော ယခင်ရှိပြီးသား အဆောက်အအုံများကို အမှန်တကယ် ပညာရေးအတွက် အသုံးပြုရန် ပြန်ပြောင်းပါ။** ထွက်ခွာပေးရမည့် အသုံးပြုနေသူများ (ဥပမာ လုံခြုံရေး) မှ ပညာရေးအတွက် အသုံးပြုရန် သင့်တော်အောင်ပြန်လည်ပြုလုပ်ပေးရန်။ အထူးသဖြင့် **မြေပုံ** ကဲ့သို့သောနေရာများတွင် ၎င်းသည် သက်ဆိုင်ပါသည် -- ပညာရေးအဆောက်အအုံများ နည်းပါးနေပြီး အထူးလိုအပ်နေသည်။
7. **ကျောင်းပညာ သင်ရိုးညွှန်းတမ်းကို အလျှင်အမြန် ပြုပြင်ပြောင်းလဲပါ။** (ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များနှင့် အညီ) ခွဲခြားဆက်ဆံသော၊ လှုံ့ဆော်သော အကြောင်းအရာများ ကင်းရှင်းရန် နှင့် အကောင်းသဘော နှင့် ပြေလည်ညှိနိုင်းမှုသဘောဆောင်သည့် ငြိမ်းချမ်းရေး၊ လူတိုင်းတန်းတူပါဝင်ရေး၊ ကွဲပြား ကွဲပြားမညီမျှရေး အစရှိသော ကြောင်းအရာများပါဝင်စေနိုင်ရန်။ ဤနည်းဖြင့် ကျောင်းသင်ခန်းစာများတွင် ငြိမ်းချမ်းရေး ပညာရေး (peace education) ကို ထည့်သွင်းနိုင်သည်အထိပြုလုပ်နိုင်ပြီး ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေး စုံလင်မှုအကြောင်းသင်ကြားသည့် အခန်းများလည်းထည့်သွင်းနိုင်သည်။
8. **မွတ်စလင် ကျောင်းသား/သူများ နှင့် ဆရာ/မများ အတွက် တူညီသော ပညာရေးအခွင့်အလမ်း နှင့် အရင်းမြစ်ရရှိရန် သေချာအောင်ပြုလုပ်ပေးပါ။** တက္ကသိုလ်တက်ရောက်နိုင်မှု နှင့် တရားဝင် ဆရာ/မ လေ့ကျင့်ခြင်းတွင် ဆရာ/မဦးရေ တိုးများရေး အပါအဝင် (သူတို့ စခန်းများတွင် နေထိုင်သည်ဖြစ်စေ မနေထိုင်သည်ဖြစ်စေ).
9. **ရခိုင်တစ်ပြည်နယ်တစ်ခုလုံးအတွက် ပညာရေး အသုံးစရိတ် တိုးချဲ့ပါ။** ရေတိုတွင် ပဋိပက္ခကို ထိန်းသိမ်းနိုင်မှု၊ ရေရှည်တွင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပညာရေး၏ အရေးပါပုံကို ထောက်ပြခြင်းအားဖြင့် (နှစ်ခုချိတ်ဆက်ပြီးပြုလုပ်ရန်လိုအပ်သည်) (မြန်မာပြည်ရှိ ကလေးများအတွက် နိုင်ငံတော် ဘဏ္ဍာငွေ တိုးမြင့်ရန် UNICEF ၏ တိုက်တွန်းနှိုးဆော်ချက် နှင့် ချိတ်ဆက်ပြီး)

*အခြားသော တိုက်တွန်းနှိုးဆော်မှုပြုလုပ်ခြင်း*

10. **အလှူရှင်များကို လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှုကို ကြာရှည်စေရန် နှင့် ရခိုင်ပြည်နယ်ပညာရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကို ပိုမိုထောက်ပံ့ပေးရန် တိုက်တွန်းနှိုးဆော်ပါ။** ရေတိုတွင် ပဋိပက္ခကို ထိန်းသိမ်းနိုင်မှု၊ ရေရှည်တွင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပညာရေး၏ အရေးပါပုံကို ထောက်ပြခြင်းအားဖြင့် (နှစ်ခုချိတ်ဆက်ပြီးပြုလုပ်ရန်လိုအပ်သည်)။ ရန်ပုံငွေသည် လူငယ်များအတွက် ပညာရေး အခွင့်အလမ်းများ မြင့်တင်ရန်အတွက် အရေးတကြီးလိုအပ်ပါသည်။ ဤပြဿနာသည် မလုံခြုံမှု၊ မတည်ငြိမ်မှု၊ ခေါင်းပုံဖြတ်ခံရခြင်း (ကျား-မ အပေါ်မူတည်ပြီး အကြမ်းဖက်ခြင်း gender-based violence အပါအဝင်) လူငယ်များအကြား မကျေနပ်မှု၊ စွမ်းရည်လျော့ကျမှု၊ နှင့် အခွင့်အလမ်း မရှိခြင်း စသည်တို့ဖြင့် ဆက်စပ်နေသည်။
11. **ရခိုင်ပြည်နယ်တွင် ပညာရေးအတွက် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ (အလှူရှင် အပါအဝင်) အားလုံးကို သူတို့၏ လုပ်ငန်းများသည် ပဋိပက္ခကို အထူးအတိထားလုပ်ဆောင်ရန် နှင့် Do No Harm ကိုအခြေခံပြီးဆောင်ရွက်ရန် တိုက်တွန်းပါ၊** ယုံကြည်စိတ်ချရသော အကဲဖြတ်စုံစမ်းမှုများ နှင့် လေ့လာစိစစ်မှုများ အမြဲလိုပြုလုပ်ပြီး ဖြစ်နိုင်ပါက ပြန်လည်ညှိနှိုင်းရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို ရေရှည် ရည်မှန်းချက် အဖြစ် တပြည်နယ်လုံးဆိုင်ရာ ဗျူဟာအားလုံးတွင် ထည့်သွင်းစဉ်းစားရန်
12. **ရခိုင်ပြည်နယ် ရေတို အရေးပေါ်အခြေအနေကာလ ပညာရေး အတွက် နောက်ထပ် အဖွဲ့အစည်းများ လုပ်ဆောင်လာစေရန် တိုက်တွန်းပါ။** ထိခိုက်ခံခဲ့ရသော ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လက်ရှိလုပ်ဆောင်နေသော အဖွဲ့အစည်းများ အပါအဝင်။ ၎င်းတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ အရင်းအမြစ်များဖြင့် ရေရှည် ခိုင်မြဲသော ဖြေရှင်းနည်းကို ရှာဖွေဖော်ထုတ်ရန်။

***ဤစာစောင်သည် အကဲဖြတ်လေ့လာမှု အစီအရင်ခံစာ အပြည့်အစုံ၏ အကျဉ်းချုပ်မျှသာဖြစ်သည်။*** *ထိုအစီအရင်ခံစာတွင် နောက်ခံအခြေအနေ အသေးစိတ်၊ ဖြစ်ပွားခြင်း ဇာစ်မြစ် အကြမ်းဖျင်း ဖော်ပြချက်၊ ပဋိပက္ခကို ဆိုးရွားစေသော အကြောင်းခံများ၊ မြန်မာနိုင်ငံ နှင့် ရခိုင်ပြည်နယ် ပညာရေး အချက်အလက်များ ပါဝင်သည်။*